# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ နယုန်လကွယ်၊ အင်္ဂါနေ့။ Tuesday, 24 June 2025 ၁၁၈၅၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၂၃

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီက ပြည်နယ်အားကစားကွင်း အထူးတန်းပွဲကြည့်စင်ရှေ့၌ ကျင်းပရာ စက်ဘီးစီးအားကစားသမားများနှင့် ဝါသနာရှင်စက်ဘီးစီးသမားများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



## ယနေ့ ဖတ်စရာ


**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ**
စာမျက်နှာ » ၄

**အဆိုးကျော့ သံသရာ**
ဆောင်းပါး စာမျက်နှာ » ၆

**ပန်းတိုင်အထွက်ရရှိရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်**
စာမျက်နှာ » ၁၂




**အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) လေကြောင်းလိုင်း၏ သတ္တမမြောက် Airbus လေယာဉ်ရောက်ရှိ**
စာမျက်နှာ » ၁၇


# နိုင်ငံတစ်ဝန်း၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်

နေပြည်တော် ဇွန် ၂၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၆-၂၀၂၅ ရက်နေ့မှ ၂၅-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



ကြေးမုံ

# နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေး သံမဏိထုတ်ကုန်ကြိုးပမ်းထုတ်လုပ်

မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းများဖြစ်သည့် ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ သံကဲ့သို့ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာ သက်ရင့်ကျောက်လွှာများ၊ ကျောက်မီးသွေး၊ ရေနံကဲ့သို့ သက်နုကျောက်လွှာများရှိသည်။ အဖိုးတန်သတ္တုရိုင်းများသည် အပေါ်ယံမြေလွှာအောက် အလွန်နက်သောနေရာများ၌သာ စတင်ဖြစ်ပေါ်လေ့ရှိသဖြင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် အရင်းအနှီးများစွာလိုအပ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီက သတ္တုတွင်းများမှ သံဖြူနှင့် သံကြွပ်တန်ချိန် ၅၅၀၀ ကျော်ခန့်ရရှိသည်ဟု သိရသည်။ စစ်အတွင်းကာလက သတ္တုတွင်းများကို အကုန်အစင်မဖျက်ဆီးခဲ့သော်လည်း စစ်ပြီးခေတ်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် စက်မှုပြန်လည်ထူထောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာသည့်အခါ သတ္တုတွင်းလုပ်ငန်းများကို မြန်မာနိုင်ငံသားများ၊ နိုင်ငံသားနှင့် အစိုးရဖက်စပ်၊ အစိုးရသက်သက်လုပ်ကိုင်ခဲ့ကြသော်လည်း သတ္တုအထွက်မများခဲ့ပေ။ မည်သို့ပင်ဖြစ်စေ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းသည် တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးမှုအတွက် ထူးကဲသောအထောက်အပံ့ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတည်ဆောက်ရေးအတွက် တွင်းထွက်သတ္တုပစ္စည်းများအနက် သံ၊ သံမဏိ လိုအပ်ချက်များနေသည်။ သံ၊ သံမဏိကို ပြည်ပမှ တင်သွင်းရသလို ပြည်တွင်း၌လည်း ရှာဖွေတူးဖော်ထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဟူသည့် အဓိကကဏ္ဍသုံးရပ်ရှိသည်။ ထိုကဏ္ဍသုံးရပ်၌ ထုတ်လုပ်မှုကဏ္ဍမှ မဟာဗျူဟာမြောက် စီးပွားရေးအခြေပြုဆောင်ရွက်ရာတွင် သံ၊ သံမဏိထုတ်လုပ်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း တွေ့ရသည်။ သံ၊ သံမဏိသုံးစွဲမှုကို လေ့လာပါက ဆောက်လုပ်ရေးကဏ္ဍသည် သံမဏိထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်း အများဆုံးသုံးစွဲသည်ကို တွေ့ရသည်။

ရှေးကာလက မြန်မာနိုင်ငံ၏ သံ၊ သံမဏိထုတ်လုပ်မှုမှာ နည်းပါးသော်လည်း မျက်မှောက်ကာလတွင် သံ၊ သံမဏိထုတ်လုပ်မှု တိုးတက်မြင့်မားလာသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဆောက်လုပ်ရေးနယ်ပယ်၌ လိုအပ်ချက်မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် သံမဏိတန်ချိန် သုံးသန်းခန့် အသုံးပြုလျက်ရှိသည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက သံမဏိစက်ရုံများ၏ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ လိုအပ်သည့် သံမဏိတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ကုန်ကျလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအများစုကို လေ့လာကြည့်လျှင် သံကိုစီးပွားဖြစ်ထုတ်လုပ်နိုင်သောကြောင့် စက်မှုဖွံ့ဖြိုးသောနိုင်ငံများဖြစ်လာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၂၁ ရက်နေ့က အမှတ်(၃)သံမဏိစက်ရုံ (ရွာမ)သို့ ရောက်ရှိစဉ် “ပြည်တွင်း၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိများ လိုအပ်လျက်ရှိခြင်းကြောင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးရန်လိုကြောင်း၊ အရေအတွက်ပြည့်မီရန် လိုအပ်သကဲ့သို့ အရည်အသွေးအရလည်း ပြည့်မီရန်လိုအပ်ကြောင်း” မှာကြားခဲ့သည်။ အဆိုပါစက်ရုံတွင် စက်ရုံမှထွက်ရှိသည့် သံမဏိများနှင့် ပြည်ပနိုင်ငံများမှ ထုတ်လုပ်သည့်သံမဏိများအား အရည်အသွေးနှိုင်းယှဉ်စစ်ဆေးခဲ့သည်။ ထုတ်လုပ်ထားသည့် Deformed Bar များအရည်အသွေးသည် သတ်မှတ်အရည်အသွေးထက် ပိုမိုကောင်းမွန်သည်ကိုတွေ့ရသည်။ အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)တွင် တံတားသံပေါင်များ၊ လျှပ်စစ်တာဝါတိုင်များနှင့် သွပ်ဆေးတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သံမဏိစက်ရုံများမှ တာဝါတိုင်များ၊ တံတားသံပေါင်များ စနစ်တကျထုတ်လုပ်လျက်ရှိသည်။ အဓိကအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် Deformed Bar များ လိုအပ်ချက်များသဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်တွင်ရှိပြီးအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူသုံးစွဲသွားရမည်ဖြစ်သည်။ တောင်ကြီးမြို့အနီးရှိ ပင်းပက်သတ္တုသိုက်သည် သံတန်ချိန်အမြောက်အမြားထွက်ရှိနိုင်သဖြင့် ပညာရှင်များ၏ နည်းစဉ်ကိုအသုံးပြု၍ သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ သံမဏိထုတ်လုပ်သည့်လုပ်ငန်းသည် နိုင်ငံအတွက် အရေးပါသောလုပ်ငန်းဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည်။ လက်ရှိတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ များစွာလိုအပ်လျက်ရှိသဖြင့် ပြည်တွင်းရှိ တွင်းထွက်သယံဇာတအရင်းအမြစ်များကို ကြိုးပမ်းရှာဖွေထုတ်လုပ်၍ သံမဏိထုတ်လုပ်သည့်လုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ပြည်ပမှ နှစ်စဉ် တင်သွင်းနေရမှုများကို လျှော့ချနိုင်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အင်အားအနည်းငယ်ရှိ မြေငလျင်များလှုပ်ရှား

နေပြည်တော် ဇွန် ၂၃

ဇွန် ၂၂ ရက် ညနေ ၅ နာရီ ၅၃ မိနစ် ၄၀ စက္ကန့်အချိန်တွင် တောင်ကြီးမြေငလျင်စခန်းမှ တောင်- အရှေ့တောင်ဘက် ၇၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၃၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ထို့ပြင် ဇွန် ၂၃ ရက် နံနက် ၆ နာရီ ၃၂ မိနစ် ၃၃ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်ဘက် ၇၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ပြည်မြို့၏ အရှေ့ဘက် ၉ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၃၄ ဒီဂရီ၊ အနက် ၁၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၂၃ ရက်အထိ သေဆုံးသူ ၃၇၆၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၅ ဦး ရှိသည်။

**ရှာဖွေပေးနိုင်ခဲ့**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ဖြေဆိုခွင့်အား ဖိအားများနဲ့ ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား ကျောင်းသူများ”** ခေါင်းစဉ်ဖြင့် ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အမျိုးသမီးခြောက်ဦးအပေါ် အကြောင်းမဲ့ ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၃ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၅၀၀ | ၆,၇၀၀ | ၆၀၆ | ၃,၉၄၉,၆၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၃,၄၅၂ | ၁၀,၃၂၈,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၄၃ | ၃၁၃,၉၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၅၃ | ၁၀၀,၇၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၀၀ | ၅၅၀,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၈၉၃ | ၁,၄၅၃,၄၅၀ |
| AMATA | ၃,၉၀၀ | ၄,၁၀၀ | ၂၇၈ | ၁,၀၈၉,၈၀၀ |
| MAEX | ၂,၉၅၀ | ၃,၀၀၀ | ၁,၁၀၃ | ၃,၂၉၇,၄၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၁၇ | ၅၄,၄၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပူနွေးကမ္ဘာတားဆီးရာ ဖြေရှာတစ်ခု တောပြုစု ဆိုသည့်အတိုင်း ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရန် သစ်တောများ၏ အရေးပါမှုကို သိရှိနားလည်ပြီး စိုက်ပျိုးသည့် သစ်ပင်များ ရှင်သန်စေရန်အတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ထိန်းသိမ်းပေးကြရန်နှင့် ရှိပြီးဖြစ်သည့် သဘာဝတောကျန်သစ်ပင်များကိုလည်း အားလုံးဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဌာနဆိုင်ရာများ အလိုက် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရသီရိခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်က လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး စိုက်ပျိုးကြမည့် ဝန်ထမ်းများအား ဆက်လက်ခွဲဝေပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့က ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြသည်။




ဆက်လက်၍ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက သစ်ပင်ပျိုးပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများသို့ ရေဖြန့်ဝေပေးနေသည့် ရေဂါလန် ၁၅၀၀၀၀ ဆံ့ ရေစုကန်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ငါးကန်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ငါးမျိုးများက စိုက်ထည့်ပေးကြပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဆိတ် ၁၇၅ ကောင် မွေးမြူထားရှိမှုနှင့် ဘဲ ၃၆၆ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင် ၁၆၀၀၊ ၂၀၂၃ ခုနှစ်တွင် သစ်ပင်ပျိုးပင် ၁၄၀၀ နှင့် စိန်တလုံး သရက်ပျိုးပင် ၆၂၅ ပင်၊ ၂၀၂၄ ခုနှစ်က သစ်ပင်ပျိုးပင် ၁၅၀၀ နှင့် စိန်တလုံးသရက်ပင် ၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြပြီး ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင် ၁၅၀၀ နှင့် စိန်တလုံးသရက်ပင် ၅၀၀ စိုက်ပျိုးမှုနှင့်အတူ ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှင့် ထိုင်းငါးခုံးမသားပေါက်ကောင်ရေ ၂၅၀၀ စိုက်ထည့်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံတွင် စက်မှုဌာနခွဲမှ အင်ဂျင်နီယာဝန်ထမ်းများအတွက် တစ်လကြာဖွင့်လှစ်သည့် Advanced Course for Broadcasting Training သင်တန်းဖွင့်လှစ်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ Conference Room တွင် Elevate ကုမ္ပဏီမှ CEO က MRTV ရုပ်သံလိုင်းများအား Internet Over the Top (OTT) ထုတ်လွှင့်ရာတွင် Content Distribution Network အရေးပါ အသုံးပြုမှုနှင့် AI နည်းပညာဖြင့် ရုပ်/သံ ထုတ်လုပ်တင်ဆက်ခြင်းဆိုင်ရာများ ရှင်းလင်းပြသမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် News Studio-2 တွင် MRTV HD Channel မှ နေ့စဉ် ည ၇ နာရီနှင့် နောက်တစ်နေ့ နံနက် ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိသည့် "မေးမြန်းဖြေကြား ပြည်သူ့အတွက် သတင်းစကား"အစီအစဉ် ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး Online တွင် ပျံ့နှံ့နေသည့် မဟုတ်မမှန်သတင်းများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများထံ အလျင်အမြန် ဆက်သွယ်မေးမြန်းပြီး သတင်းမှန် ပြန်ကြားခြင်းကဏ္ဍကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

**❂ ရှေ့ဖုံးမှ**

ဦးစွာ စက်ဘီးစီးအားကစားသမားများအား တာလွှတ်ပွဲသို့ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ဘီးစီးနင်းပွဲကို ပြည်နယ်ဝန်ကြီးချုပ်က တာလွှတ်မီးရှူးမီးပန်းစက်အား ပစ်ဖောက်တာလွှတ်ပေးရာ စက်ဘီးစီးနင်းသူများက အား/ကာ တိုက်တန်းလမ်းမှ ရုံးကြီးလမ်း၊ သခင်နက်ဖေလမ်းမှတစ်ဆင့်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အောင်ဇေရန်အောင်ဘုရားအထိ အသွား/အပြန် တပျော်တပါး စုပေါင်းစီးနင်းခဲ့ကြကာ ပြည်နယ်အားကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ကြသည်။

ထိုသို့ စက်ဘီးစီးနင်းသူများ ပြန်လည်ဝင်ရောက်လာမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး စက်ဘီးစီးနင်းပွဲဝင်ရောက်ပါဝင်သူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူကြီးစီးစက်ဘီးနှင့် ကလေးစီးစက်ဘီး နှစ်စီးအပါအဝင် လူသုံးကုန်၊ မိသားစုသုံးကုန်ပစ္စည်းများကို ကံစမ်းမဲဖောက်၍လည်းကောင်း၊ အသက်ကြီးဆုံးစက်ဘီးစီးနင်းသူဆုနှင့် အငယ်ဆုံး စက်ဘီးစီးနင်းသူဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**


**☆ နိုင်ငံတစ်ဝန်းမှ**


အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၇-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဦးစွာ ပြိုင်ပွဲဝင်များသည် အမျိုးသား အမျိုးသမီး Recurve နှင့် Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲကို ယှဉ်ပြိုင်ပစ်ခတ်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံး အမျိုးသား အမျိုးသမီး အားကစားသမားဆု၊ Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲနှင့် Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံး ခန်းမ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများကို အင်အားဖြည့်ကျွေးမွေးနိုင်ရန်အတွက် နိုင်ငံတော်က ထပ်ဆောင်းတိုးမြှင့်ပေးသည့်ငွေများ အလေအလွင့်မရှိစေရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက လက်ရှိကျွေးမွေးနေမှုအခြေအနေများနှင့် အာဟာရပြည့်ဝအောင် ထပ်မံကျွေးမွေးသင့်သည့် အစားအစာများကို အကြံပြုဆွေးနွေးတင်ပြပေးရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားဆေးဘက်ဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် အားကစားနည်းအလိုက် အုပ်ချုပ်သူများနှင့် နည်းပြများက အားကစားနည်းအလိုက် လိုအပ်သည့်အာဟာရ၊ အားကစားသမားတစ်ဦး၏တစ်နေ့တာလိုအပ်သည့် ကယ်လိုရီအရ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်များ၊ အသီးအနှံများနှင့် အစားအသောက်များကို ညီညွတ်မျှတစွာဖြင့် အလေအလွင့်မရှိဘဲ စနစ်တကျ ချက်ပြုတ်ကျွေးမွေးပေးနိုင်ရေး ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြို့တွင်းဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပုသိမ် ဇွန် ၂၃**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် မြို့တွင်းဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ ကျင်းပသည်။

**ကြိုဆို**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် မြို့တွင်းဖိတ်ခေါ်အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ပုသိမ်မြို့ ရုပ်တုအဝိုင်းမှစတင်၍ သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။ ထို့နောက် ရုပ်တုအဝိုင်းမှ ပုသိမ်နည်းပညာတက္ကသိုလ်၊ ပုသိမ်နည်းပညာတက္ကသိုလ်မှ ကိုးသိန်း အားကစားကွင်းအထိ ပြိုင်ပွဲဝင် စက်ဘီးစီး အားကစားသမားများက (၂၀) ကီလိုမီတာ ယှဉ်ပြိုင်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုးသိန်း အားကစားကွင်းရှေ့ ပန်းဝင်သည့်နေရာမှ ကြိုဆိုခဲ့ကြသည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် မြို့တွင်းဖိတ်ခေါ် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသားရိုးရိုးဘီး ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ဆုတံဆိပ်များကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက လည်းကောင်း၊ အမျိုးသား ရိုးရိုးဘီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိသူများအား ဆုတံဆိပ်များကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ အမျိုးသား Fixed Bike၊ ပြိုင်ဘီး၊ Mountain Bike ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ဆုတံဆိပ်များကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက လည်းကောင်း၊ အမျိုးသား Fixed Bike၊ ပြိုင်ဘီး၊ Mountain Bike ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမ ဆုရရှိသူများအား ဆုတံဆိပ်များကို တိုင်းဒေသကြီး တရားသူကြီးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ အမျိုးသမီး ရိုးရိုးဘီးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ဆုတံဆိပ်များကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ဇနီးကလည်းကောင်း၊ အမျိုးသမီး ရိုးရိုးဘီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမ ဆုရရှိသူများအား ဆုတံဆိပ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးကလည်းကောင်း၊ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားသမားများအား ဆုဖလားများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် မြို့တွင်းဖိတ်ခေါ် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို စက်ဘီးစီး အားကစားဝါသနာရှင် ၁၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



**လွိုင်ကော် ဇွန် ၂၃**

၂၀၂၅ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်အားကစားရုံ အမှတ်(၃)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် အားကစားသမားနှင့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၂၀ ရက်ကစတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး / ပြည်နယ်ပညာရေးမှူးများအား လမ်းညွှန်အမှာစကားပြောကြား




နေပြည်တော် ဇွန် ၂၃

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်၊ပညာရေးဒီဂရီကောလိပ်များမှကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများအား လမ်းညွှန်အမှာစကားပြောကြားခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးအောင် ဝိုင်းဝန်းကူညီတာဝန်ထမ်းဆောင်ခဲ့ကြသူများအာလုံးကို ကျေးဇူးတင်ရှိကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများကို ဖွင့်လှစ်ခဲ့သည်မှာ သုံးပတ်ရှိပြီဖြစ်ရာ ကျောင်းသားကျောင်းသူများအား အမှန်တကယ်တတ်မြောက်အောင် စေတနာထားသင်ကြားပေးစေလိုကြောင်း၊ ကျောင်းပရဝဏ်သန့်ရှင်းရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး အစဉ်တစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ တက္ကသိုလ်များတွင် လက်တွေ့ခန်းသုံးပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူပြီးပါက SOP စံသတ်မှတ်ချက်များအတိုင်း စနစ်တကျလိုက်နာ၍ အကျိုးရှိထိရောက်စွာအသုံးပြုကြရန်လိုကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် အတန်းပညာသင်ကြားပေးရုံသာမက ကလေးများ လိမ္မာရေးခြားရှိအောင် သင်ကြားပေးရမည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင် သင်ကြားပေးရန်လိုကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် ဆရာ ဆရာမများခန့်ထားခြင်း၊ ကျောင်းလခကောက်ခံခြင်းများကို ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေး အထူးကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသော လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသူများက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ငွေပေးအပ်

တောင်ကြီး ဇွန် ၂၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့က အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသိပ္ပံစားရိပ်သာ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်တက်ရောက်အမှာစကား ပြောကြားပြီး ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ငွေကျပ်သိန်း ၇၀၀ ကိုပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့်သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ စာကြည့်တိုက်နှင့် ဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်တွင် သင်တန်းသား ၆၆ ဦး၊ သင်တန်းသူ ၅၀ စုစုပေါင်း ၁၁၆ ဦး အားကစားနှင့် ပညာရေးကို ပေါင်းစပ်လေ့လာသင်ယူလျက်ရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)




## သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁ / ၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မြန်မာသံတမန် သင်တန်းကျောင်း (Myanmar Diplomatic Academy) နှင့် Naypyitaw State Academy တို့ ပူးပေါင်းဖွင့်လှစ်သည့် သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း (Diploma in Diplomacy) (၁/၂၀၂၅)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။





သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅)ကို သင်တန်းကာလ လေးလကြာမြင့်သော ပညာသင်နှစ်ဝက်နှစ်ခု စုစုပေါင်းသင်တန်းကာလရှစ်လဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သံတမန်ရေးရာများ၊ နိုင်ငံတကာ ဆက်ဆံရေးများ၊ နိုင်ငံခြားရေးမူဝါဒများ၊ နိုင်ငံတကာ အဖွဲ့အစည်းဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ အငြိမ်းစား ဒုတိယဝန်ကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ အစိုးရအဖွဲ့ အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စိတ်ပါဝင်စားသူများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၅၁ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ ပို့ချခြင်း၊ ဆန်းစစ်ဆွေးနွေးခြင်း၊ လက်တွေ့ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းများအပါအဝင် အဖွဲ့လိုက် စာတမ်းရေးသားတင်ပြခြင်းတို့ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဒဂုံမြို့သစ်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၃

ဒဂုံမြို့သစ်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒဂုံမြို့သစ်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ အတွင်းရေးမှူး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဆွေးနွေးဆုံးဖြတ်ရန်အချက်များကိုတင်ပြရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

နေမျိုးအောင်



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# အဆိုးကျော့ သံသရာ

ကိုကိုချွန် (မော်လမြိုင်)

**မူးယစ်ဆေးဝါးပြဿနာ၏ လက်ရှိအခြေအနေ**

မြန်မာနိုင်ငံ ကြုံတွေ့ခံစားနေရသော မူးယစ်ဆေးဝါးပြဿနာကို လေ့လာကြည့်လျှင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ နိုင်ငံအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ခြင်း၊ ကြားခံနိုင်ငံအဖြစ် အသုံးချခံနေရခြင်း၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်မှု မြင့်မားလာခြင်းနှင့်အတူ မူးယစ်ဆေးဝါး ချက်လုပ်သူများ၏ နယ်စပ်များမှ တရားမဝင် ဝင်ရောက်လာခြင်းတို့ကို ကြုံတွေ့ရပါသည်။

နိုင်ငံတော်၏ လက်ရှိကြုံတွေ့နေသော အခြေအနေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့က မူးယစ်ဆေးဝါးပြဿနာတွင် နက်ရှိုင်းစွာ ပါဝင်နေမှုကလည်း ပြဿနာဖြေရှင်းရာ၌ အဆိုးသံသရာကို ရှည်စေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြဿနာတွင် အရင်းခံအချက်များစွာရှိသည့်အနက် သိသာထင်ရှားသောပြဿနာမှာ နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းနေခြင်းနှင့် လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်မှု မြင့်မားနေခြင်းပင်ဖြစ်ပါသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းရခြင်း၏ အဓိကပြဿနာမှာ လက်နက်ကိုင်အဖွဲ့များ အမြင်ကျဉ်းမြောင်းခြင်းနှင့် ကိုယ်ကျိုးစီးပွား ရလိုမှုများခြင်း၊ မတော်လောဘနှင့် ကိုယ်ချင်းစာတရားနည်းပါးခြင်း၊ နယ်မြေဒေသဖွံ့ဖြိုးမှုကို အမှန်တကယ်လိုလားမှုမရှိခြင်း၊ ရိုးသားသော ဒေသခံတိုင်းရင်းသားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်လိုခြင်းနှင့် အမြော်အမြင်နည်းပါးစွာဖြင့် အကြမ်းဖက်လိုခြင်း စသည့်အကြောင်းများပေါ် အခြေခံနေပါသည်။

ထိုလိုလားချက်များသည်ပင် မူးယစ်ဆေးဝါး ထုတ်လုပ်၊သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် လက်နက်ကိုင်အဖွဲ့များက နက်ရှိုင်းစွာ ပါဝင်ပတ်သက်မှုရှိနေသည်ကို ဖမ်းဆီးရမိမှုများက သက်သေခံနေလျက်ရှိပါသည်။ ထို့အတူ လက်နက်ကိုင်အဖွဲ့အတွင်း ကိုယ်တိုင်မူးယစ်ဆေးဝါးသုံးစွဲမှုများကလည်း တစ်နေ့ထက်တစ်နေ့ မြင့်မားလာလျက်ရှိပါသည်။

**နိုင်ငံတော်အပေါ် ခြိမ်းခြောက်လာမှုများ**

နိုင်ငံတစ်နိုင်ငံအတွင်း လူငယ်နှင့်လူလတ်ပိုင်းများ မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်လာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အဓိကခြိမ်းခြောက်မှုဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲရာမှ နိုင်ငံအတွင်း ပညာရည်မြင့်မားသောလူဦးရေ နည်းပါးလာခြင်းနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော လူလတ်ပိုင်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေခြင်းကြောင့် စွမ်းရည်မြင့်မားသော ကုန်ထုတ်လုပ်သူစွမ်းအားစုများ လျော့နည်းလာစေခြင်းတို့ ဖြစ်ပေါ်လာပါသည်။ အနာဂတ်တွင် ပညာရည်မြင့်မားပြီး အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးလာခြင်းကပင် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံသားတို့၏ ကံကြမ္မာကို အဆုံးစွန်ထိ ဆွဲချသွားမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့၏မိသားစုအတွင်း ဦးစွာကြုံတွေ့ရမည့်ပြဿနာမှာ စီးပွားရေးပြဿနာဖြစ်ပါသည်။ ပညာရည်နည်းပါးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေမှုနှင့် မိသားစုစီးပွားရေး အဆင်မပြေသူများအဖို့ မူးယစ်ဆေးဝါးသုံးစွဲလာမှုက မိသားစုအတွင်း ကြီးစွာသော စီးပွားရေးပြဿနာကို ပေါ်ပေါက်စေပါသည်။ မူးယစ်ဆေးစွဲသူအဆင့်သို့ ရောက်ရှိသွားပါက မူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲနိုင်ရန်အတွက် လိုအပ်သောငွေများ ရရှိရန် မသမာသောနည်းလမ်းများဖြင့် ရှာဖွေရာမှ မှုခင်းများ ကျူးလွန်လာခြင်းနှင့် နောက်ဆက်တွဲ လူမှုရေးပြဿနာများ ကြီးထွားလာခဲ့ပါသည်။ ထို့အတူ မူးယစ်ဆေးဝါးသုံးစွဲရာမှဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ ပြဿနာများက မိသားစုတစ်ခုလုံး၏ လူမှုစီးပွားဘဝကို အနိမ့်ဆုံး အခြေအနေသို့ ကျရောက်သွားစေလျက်ရှိပါသည်။

> **မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများသည် အခြားသော မည်သည့်စီးပွားရေးထက်မဆို အမြတ်အစွန်းများစွာရရှိသည်ဖြစ်ရာ လက်နက်ကိုင်သောင်းကျန်းသူများ၊ ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများအတွက် ကျင်လည်ကျက်စားရာနေရာများ ဖြစ်လာပါသည်။ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်လာမှုကလည်း ပြဿနာ၏အဝန်းအဝိုင်းကို ပိုမိုကျယ်ပြန့်လာစေပါသည်။ နိုင်ငံတကာတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမျိုးရေးနှင့် ဝါဒရေးရာ ပဋိပက္ခများက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မူးယစ်ဆေးဝါးဈေးကွက်ပြောင်းလဲမှုကို ဖြစ်ပေါ်လာစေသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု (ဈေးကွက်)များ မြင့်တက်လာလျက်ရှိ**

နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ နှစ်စဉ်တိုးတက်လာလျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အမှုပေါင်း ၆၅၁၉ မှုမှ တရားခံ ၈၈၅၃ ဦး၊ တန်ဖိုးငွေကျပ် ၁၀၅၇ ဘီလီယံကျော်ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၉၉၈ ဒသမ ၆ ဘီလီယံကျော်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၅ ခုနှစ် ပထမလေးလပတ်အတွင်း အမှုပေါင်း ၁၈၂၅ မှုမှ တရားခံ ၂၅၃၅ ဦး၊ တန်ဖိုးငွေကျပ် ၃၅၆ ဘီလီယံကျော် တန်ဖိုးရှိသော မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိမှုများ တိုးမြင့်လာခြင်းသည် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှုများ နိုင်ငံအတွင်း မြင့်မားလာသည်ကို ဖော်ညွှန်းနေလျက်ရှိပါသည်။

**မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများ**

မူးယစ်ဆေးဝါး ထုတ်လုပ်ရာနေရာများကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။ ယခင်က ဘိန်းစိုက်ပျိုးရာ ဒေသများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး အုပ်ချုပ်မှုအလှမ်းကွာဝေးသည့် တောင်ပေါ်ဒေသများ၌ဖြစ်ပြီး ရှမ်းပြည်နယ်သည် အဓိက ဘိန်းစိုက်ပျိုးရာဒေသတစ်ခုဖြစ်ခဲ့သည်။ အုပ်ချုပ်မှု အလှမ်းကွာဝေးသော တောင်ပေါ်ဒေသများသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရ လက်နက်ကိုင်အဖွဲ့များ ခိုအောင်းရာ၊ လွှမ်းမိုးရာဒေသများ ဖြစ်ပါသည်။

ပြောင်းလဲလာသော အခြေအနေများအရ ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှုအပြင် လူလုပ်မူးယစ်ဆေးဝါးပြဿနာသည်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်လာခဲ့ပါသည်။ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာများမှာ ယခင် ဘိန်းနှင့်ဘိန်းဖြူ စိုက်ပျိုးထုတ်လုပ်သည့် နယ်မြေများထက် ပိုမိုကျယ်ဝန်းလာပြီး ထိုနယ်မြေများသည်လည်း အုပ်ချုပ်မှု အလှမ်းကွာဝေးသော လက်နက်ကိုင်များ ကြီးစိုးရာနယ်မြေများဖြစ်ပါသည်။ လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် ဓာတုပစ္စည်းများဖြင့်သာ ချက်လုပ်ရသည်ဖြစ်ရာ လိုအပ်သည့်ဓာတုပစ္စည်းများကို တရားမဝင်မှောင်ခိုတင်သွင်းရာ၌ ပိုမိုလွယ်ကူသည့် နယ်စပ်ဒေသနယ်မြေများ၌ပါ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်လာသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ နယ်မြေများ ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရပါသည်။

မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများသည် အခြားသော မည်သည့်စီးပွားရေးထက်မဆို အမြတ်အစွန်းများစွာရရှိသည်ဖြစ်ရာ လက်နက်ကိုင်သောင်းကျန်းသူများ၊ ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်သူများအတွက် ကျင်လည်ကျက်စားရာနေရာများ ဖြစ်လာပါသည်။ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်လာမှုကလည်း ပြဿနာ၏အဝန်းအဝိုင်းကို ပိုမိုကျယ်ပြန့်လာစေပါသည်။ နိုင်ငံတကာတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမျိုးရေးနှင့် ဝါဒရေးရာ ပဋိပက္ခများက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မူးယစ်ဆေးဝါးဈေးကွက်ပြောင်းလဲမှုကို ဖြစ်ပေါ်လာစေသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု (ဈေးကွက်) များ မြင့်တက်လာလျက်ရှိပါသည်။

**လက်နက်ကိုင်အဖွဲ့များပါဝင်ပတ်သက်မှု**

လက်နက်ကိုင် သောင်းကျန်းသူများ၊ အကြမ်းဖက်အဖွဲ့အစည်းများ ရေရှည်ရပ်တည်နိုင်ရေး အဓိကလိုအပ်ချက်မှာ လူအင်အားစုဆောင်းခြင်း၊ လိုအပ်သော စားရေရိက္ခာနှင့် လက်နက်ခဲယမ်းများ၊ စစ်ဘက်အသုံးအဆောင်များ ဝယ်ယူတပ်ဆင်ရန်ဖြစ်ပါသည်။ ထိုအချက်များကို ဖြည့်ဆည်းနိုင်ရန် လိုအပ်သော ဝင်ငွေရလမ်းများမှာ တရားမဝင်စီးပွားရေးလုပ်ငန်းများကို နယ်မြေအတွင်းဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများ တရားမဝင်ထုတ်လုပ်ခြင်း၊ စီးပွားရေးလမ်းကြောင်းများတွင် အခွန်ကောက်ခံခြင်း (ဆက်ကြေးကောက်ခြင်း)များသာဖြစ်ပြီး အဓိကဝင်ငွေရလမ်းမှာ အမြတ်အစွန်း များစွာရရှိသည့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ခြင်းပင်ဖြစ်ပါသည်။

ဝင်ငွေရလမ်းလွယ်ကူမှုနှင့် နယ်မြေလုံခြုံမှု အားနည်းခြင်းကြောင့် တားဆီးနှိမ်နင်းရေး တပ်/တပ်ဖွဲ့များ မရောက်ရှိနိုင်ခြင်းက မူးယစ်ဆေးဝါးချက်လုပ်သယ်ဆောင်မှုများ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေကို ဖန်တီးပေးရာရောက်စေပါသည်။ ထိုအချက်များကြောင့်ပင် လက်နက်ကိုင်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေများတွင် မူးယစ်ဆေးဝါးချက်လုပ်မှုကို အမြောက်အမြား ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုက လက်နက်ကိုင်အဖွဲ့များအတွက် အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးချက်လုပ်မှုအပေါ် ခွင့်ပြုပေးမှု၊ လက်နက်ကိုင်အဖွဲ့များက မူးယစ်ဆေးဝါးချက်လုပ်မှုကို အကာအကွယ်ပေးမှု၊ သယ်ဆောင်ရောင်းဝယ်မှုများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှုများက အမြစ်တွယ်လာခဲ့ပြီဖြစ်ပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရန်အတွက် လိုအပ်သော ဓာတုပစ္စည်းများနှင့် ပစ္စည်းကိရိယာများ တရားမဝင် ဝင်ရောက်မှုကို အခကြေးငွေရယူပြီး ဆောင်ရွက်ပေးနေသကဲ့သို့ မူးယစ်ဆေးဝါးချက်လုပ်သူများအား ဝင်ရောက်ခွင့်ပေးခြင်း၊ အခကြေးငွေရယူပြီး နယ်မြေအတွင်း ချက်လုပ်ခွင့်ပေးခြင်းနှင့် သယ်ဆောင်ရောင်းဝယ်မှုပြုခြင်းကလည်း တစ်ဆက်တည်း ပေါ်ပေါက်လာခဲ့ပါသည်။

**အဆိုးကျော့ သံသရာ (၁)**




အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေများတွင် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းနည်းပါးနေပြီး ကျန်းမာရေးနှင့် စီးပွားရေးအခွင့်အလမ်းများလည်း ဆုံးရှုံးနေရလျက်ရှိပါသည်။ ပညာရည်နည်းပါးခြင်း၊ ဘဝရပ်တည်ရေးအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ နည်းပါးနေခြင်းက ဒေသအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကို ဖြစ်ပေါ်စေပါသည်။ ဒေသခံများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်ပေးသူ သားကောင်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် ခိုင်းစေမည့်သူ/ခိုင်းစေခံရသူနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် အသုံးချနိုင်မည့်သားကောင်များ များပြားလာမည် ဖြစ်ပါသည်။ အချို့သော မူးယစ်သားကောင်များမှာ ကိုယ်တိုင်သုံးစွဲခြင်းမှ လက်လီရောင်းချသူများ၊ သယ်ဆောင်သူများအဖြစ်ပါဝင်နေသည်ကို တွေ့ရပါသည်။

မူးယစ်ဆေးဝါးပြစ်မှုကြောင့် ဖမ်းဆီးခံရသူများထဲတွင် ပညာရည်နည်းပါးသူ၊ ဘဝရပ်တည်ရေးအတွက် စီးပွားရေးအဆင်မပြေသူနှင့် မူးယစ်ဆေးဝါး ကိုယ်တိုင်သုံးစွဲသူ အများစုဖြစ်နေသည်ကို စစ်ကြောချက်များအရ တွေ့ရှိရပါသည်။ ပြစ်ဒဏ်ကျခံပြီး ပြန်လည်လွတ်မြောက်လာသူအများစုမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်သူများအဖြစ် ပြန်လည်အသုံးချခံနေရသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြစ်ဒဏ်ကျခံရခြင်း၊ ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်လာသော်လည်း မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ ပြန်လည်ကျရောက်သွားပြီး သုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများမှ ပြစ်ဒဏ်ထပ်မံကျခံရခြင်းဖြင့် အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ❂

❂ စာမျက်နှာ ၆ မှ

**အဆိုးကျော့သံသရာ (၂)**




လက်နက်ကိုင်သောင်းကျန်းသူများ၏ လက်ရှိကာလဆောင်ရွက်နေမှုများကို ကြည့်လျှင် အင်အားချဲ့ထွင်ခြင်း၊ လက်နက်တပ်ဆင်ခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ တပ်/လုံခြုံရေးစခန်းများ၊ အစိုးရရုံးဌာနများကို တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာနေသော လမ်း/ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ သာသနာ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ သာသနိက အဆောက်အအုံများအား ဖျက်ဆီးခြင်း၊ ဝန်ထမ်းများအား ခြိမ်းခြောက် သတ်ဖြတ်ခြင်း၊ အငြိမ်းစားဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အုပ်ချုပ်ရေးယန္တရား၏ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအဆင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စိုးမိုးထားရာနယ်မြေများအတွင်း အမည်အမျိုးမျိုးတပ်ကာ အခွန်(ဆက်ကြေး) ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။ အဆိုးရွားဆုံး ဖြစ်စဉ်များမှာ ပြည်သူများ၏ အသိပညာနှင့် အနာဂတ်ကို လမ်းပြပေးနေသော ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား ဖျက်ဆီးခြင်းနှင့် ပညာသင်ကြားနေသော လူငယ်လူရွယ်များအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများပင်ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း သာမန်ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝကို အကြောက်တရားလွှမ်းမိုးနေစေရန်အတွက် ခရီးသွားပြည်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆက်ကြေးမြင့်မားစွာကောက်ခံခြင်း၊ ဒေသအတွင်းနေထိုင်သော မိသားစုဝင်များအား အတင်းအကျပ် လူသစ်စုဆောင်းခြင်း၊ ဥပဒေမဲ့ဖမ်းဆီး/ အပြစ်ပေးခြင်းများ ကြုံတွေ့နေရပြီး လူငယ်များ ပညာသင်ကြားခွင့်နှင့် ပြည်သူများ စားဝတ်နေရေးအတွက် စီးပွားရေးအခွင့်အလမ်းများ နည်းပါးစေရန် လုပ်ဆောင်နေလျက်ရှိပါသည်။ ပညာတတ်သူနည်းပါးခြင်း၊ မိသားစုစီးပွားရေး အဆင်မပြေခြင်းများ ဖြစ်ပွားလာရာမှ အနာဂတ်ပျောက်ဆုံးကာ မှုခင်း/ပြစ်မှုကျူးလွန်သူများပြားလာစေပြီး နောက်ဆုံးတွင် မူးယစ်ဆေးဝါးသားကောင်များ ပိုမိုများပြားလာစေရန် ဖြစ်ပါသည်။

ပြည်သူလူထုအတွင်း ပညာမတတ်သူ များပြားလာစေရန်နှင့် စီးပွားရေးအရ ချွတ်ခြုံကျစေရန် လုပ်ဆောင်ခြင်းအားဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် အင်အားစုဆောင်းမှု ပိုမိုလွယ်ကူစေခြင်း၊ မှုခင်းနှင့်ပြစ်မှုများ ထူပြောလာခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာခြင်း၊ တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့များအား အကြောက်တရားများ ဖုံးလွှမ်းနေစေခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားခြင်း၊နှောင့်ယှက်ခြင်း၊ ဖိအားပေးခြင်းများကို ဖြစ်ပေါ်စေပြီး ပြည်သူလူထုအတွင်း အကြောက်တရားတိုးပွားလာခြင်းနှင့် အခြားနယ်မြေများတွင် ပြစ်မှုနှင့် ဒုစရိုက်မှုများစွာကို ဖြစ်ပေါ်စေခြင်းမှ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေလျက်ရှိပါသည်။

**❝မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှု အဆိုးကျော့သံသရာအား ဖြတ်တောက်သွားရမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ ဝိသမလောဘသမားများကို ချေမှုန်းနိုင်ပါမှသာ ပြည်သူတစ်ရပ်လုံး ခံစားနေရသည့် အဆိုးကျော့သံသရာမှ လွတ်မြောက်နိုင်မည်❞**

မူးယစ်ဆေးဝါး ချက်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ရာမှ ရရှိလာသော အကျိုးအမြတ်များဖြင့် နယ်မြေဒေသအတွင်း အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်သောင်းကျန်းမှုများကို တိုးမြှင့်လုပ်ကိုင်လာပြီး နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုများကို ပျက်ပြားစေလျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေခြင်းကလည်း မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို တိုးမြှင့်ဖြစ်ပေါ်စေခြင်းဖြင့် မူးယစ်ဆေးဝါး အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

**အဆိုးကျော့သံသရာ (၃)**




မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများသည် အခြားစီးပွားရေးလုပ်ငန်းများထက် အကျိုးအမြတ်များစွာ ရရှိစေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်ရာ နယ်မြေများသို့ ပြည်တွင်း ဝိသမလောဘသမားများနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်မှုမှာလည်း မြင့်မားလာစေလျက်ရှိပါသည်။ လက်နက်ကိုင်သောင်းကျန်းသူနယ်မြေများတွင် ထုတ်လုပ်သော မူးယစ်ဆေးဝါးများအား ဝယ်ယူရာတွင် လက်နက်ကိုင်အဖွဲ့များမှ ကိုယ်တိုင်ပါဝင်ခြင်း၊ ပို့ဆောင်ပေးခြင်း၊ လက်နက်ကိုင် လုံခြုံရေးအစောင့်များဖြင့် လိုက်ပါပို့ဆောင်ပေးခြင်းနှင့် နယ်မြေဖြတ်ကျော် သယ်ဆောင်ရောင်းဝယ်မှုများအတွက် အခကြေးငွေရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးကုန်သွယ်ရာ၌ လမ်းခရီးတစ်လျှောက် မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရာတွင် စီးပွားရေးအရ အဆင်မပြေသူများကို မက်လုံးပေးခြင်း၊ ရိုးသားစွာလုပ်ကိုင်နေသူများကို လိမ်လည်အသုံးချပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိစစ်ကြောချက်များအရ သိရှိရပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးခံရပါက နောက်ကွယ်မှကြိုးကိုင်သူ အဓိကတရားခံများသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများဖြစ်သော အကြမ်းဖက်သောင်းကျန်းသူများ၏ နယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်ကာ ပုန်းခိုနေထိုင်ခြင်းဖြင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၏ ဖမ်းဆီးမှုများမှ လွတ်မြောက်နေလျက်ရှိပါသည်။

ဖမ်းဆီးခံရပြီးနောက် မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ပေးသူများ ပြောင်းလဲသွားသော်လည်း မူးယစ်ဆေးဝါးသယ်ဆောင်ခိုင်းသည့် အဓိကတရားခံများမှာ ယခင်ထွက်ပြေးတိမ်းရှောင်နေသူ လူနည်းစုဖြစ်သည်ကို တွေ့ရပါသည်။ နောက်ကွယ်မှ အဓိကကြိုးကိုင်သည့် တရားခံများမှာ အကြမ်းဖက်သောင်းကျန်းသူများ၏ နယ်မြေအတွင်း ပုန်းခိုနေထိုင်ရင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို အခြားသူများဖြင့် ထပ်မံလုပ်ဆောင်လျက် ရှိပါသည်။ ဖမ်းဆီးခံရမှုများ ထပ်မံဖြစ်ပေါ်လာပါက မူလပုန်းခိုရာ အကြမ်းဖက်သောင်းကျန်းသူနယ်မြေများအတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေမှုများက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

**အဆိုးကျော့သံသရာ (၄)**




လူငယ်ထုအတွင်း မူးယစ်ဆေးဝါးစတင်သုံးစွဲခြင်းတွင် အပေါင်းအသင်းများ၏ တိုက်တွန်းမှုကို ရှောင်ရှားနိုင်မှုမရှိခြင်းက စတင်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခဏတာ ပျော်ရွှင်မှုကို ဖြစ်ပေါ်စေပြီး မူးယစ်ဆေးဝါး၏ အာနိသင်ပျက်ပြယ်သွားသည်နှင့် ပျော်ရွှင်မှုများမှာ ပျောက်ဆုံးသွားမည်ဖြစ်ပါသည်။ ခဏတာပျော်ရွှင်စေရခြင်းမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဦးနှောက်အတွင်း ပျော်ရွှင်မှုကို ဖြစ်ပေါ်စေသည့် Dopamine ဟော်မုန်းများကို အဆမတန် ထုတ်လုပ်ပေးခြင်းကြောင့် ဖြစ်ပါသည်။ မူးယစ်ဆေး အာနိသင်ပျက်ပြယ်သွားချိန်တွင် ဟော်မုန်းထုတ်လုပ်ပေးမှုများ သာမန်အခြေအနေသို့ပြန်လည်ရောက်ရှိသွားသော်လည်း ယခင်ပျော်ရွှင်စွာနေနိုင်သည့် အခြေအနေများတွင် ပျော်ရွှင်နိုင်ခြင်းမရှိတော့ဘဲ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ဖြစ်ပေါ်လာသည့် ပျော်ရွှင်မှုအခြေအနေမျိုး ရောက်ရှိပါမှသာ ပျော်ရွှင်သည်ဟု ခံစားလာရစေပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကြာလာသည်နှင့် ပုံမှန်ပမာဏဖြင့် သုံးစွဲရာမှ ဖြစ်ပေါ်လာသော ပျော်ရွှင်မှုများသည် လုံလောက်မှုမရှိတော့သဖြင့် မူးယစ်ဆေးဝါးသုံးစွဲသည့် အကြိမ်အရေအတွက်နှင့် သုံးစွဲသည့်ပမာဏများတိုးလာပြီး နောက်ဆုံးတွင် မူးယစ်ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိစေပါသည်။ မူးယစ်ဆေးဝါး စတင်သုံးစွဲစဉ်က မိမိကိုယ်ကို ထိန်းသိမ်းနိုင်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း စတင်သုံးစွဲမိရာမှ ထပ်မံသုံးစွဲလိုသည့်စိတ်များ ဖြစ်ပေါ်လာကာ သုံးစွဲမှုကို ရပ်တန့်နိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးတွင် ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိသွားစေပါသည်။

ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်းတို့သည် စတင်တတ်မြောက်သွားချိန်မှ သေဆုံးချိန်အထိ မေ့ပျောက်သွားခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို ပြန်လည်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဦးနှောက်အတွင်းမှတ်သားထားမှုသည် မည်သည့်အခြေအနေမျိုးတွင်မဆို ပျောက်ပျက်သွားခြင်းမရှိသကဲ့သို့ မူးယစ်ဆေးဝါး သုံးစွဲမှုသည် ဦးနှောက်အတွင်း စွဲထင်ကျန်ရစ်စေခဲ့ပါသည်။ ထို့ကြောင့်ပင် မူးယစ်ဆေးဝါး စတင်သုံးစွဲရာမှာ မူးယစ်ဆေးစွဲခြင်း၊ မူးယစ်ဆေးစွဲမှုအားကုသခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုများ မည်မျှပင်ဆောင်ရွက်ခဲ့သော်လည်း ဆေးဖြတ်ပြီးသူအများစုသည် မူးယစ်ဆေးဝါးပြန်လည်သုံးစွဲမှုကို ဖြစ်ပေါ်စေပြီး သေဆုံးချိန်အထိ မူးယစ်ဆေးဝါးသုံးစွဲမှု အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

မူးယစ်ဆေးဝါး သုံးစွဲရာမှ စတင်ဖြစ်ပေါ်လာသော ပြဿနာရပ်များသည် လူတစ်ဦးချင်းထံမှ စတင်ခဲ့သော်လည်း မိသားစုအတွင်း မိသားစုဝင်များ၊ လူမှုအသိုက်အဝန်းမှ ဒေသအထိ၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်ထိပါ ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ဝိသမလောဘသမားများ၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ မီးလောင်ရာလေပင့် ဆောင်ရွက်ချက်များသည် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးကို ပျက်စီးခြင်း/ ပျက်သုဉ်းခြင်း အဆင့်ထိသို့ပင် ရောက်ရှိသွားစေမည်ဖြစ်ပါသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှု အဆိုးကျော့သံသရာအား ဖြတ်တောက်သွားရမည် ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ ဝိသမလောဘသမားများကို ချေမှုန်းနိုင်ပါမှသာ ပြည်သူတစ်ရပ်လုံး ခံစားနေရသည့် အဆိုးကျော့သံသရာမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

**“The evidence is clear: invest in prevention”**

**“Break the Cycle. #StopOrganizedCrime”**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

**မန္တလေး ဇွန် ၂၃**


မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၊ မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဟုမ္မလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ဟုမ္မလင်း ဇွန် ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်/မြို့နယ် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာ အထောက်အကူပြုအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

ညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ဟုမ္မလင်းမြို့နယ်အတွင်း မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့၏ကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်ထားရမည့် အချက်များကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကိုကိုမောင်က မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြု အဖွဲ့တို့အား အဆိုပြုမဲပေးစက် ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုပုံ၊ သိမ်းဆည်းပုံအဆင့်အဆင့်တို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# သင်္ဃန်းကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်္ဃန်းကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ပါဝင်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ကေသီမိုးတို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

သန်လျင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ကျင်းပသော အခွန်ပညာပေးရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန သန်လျင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်နွယ်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# ဇီးကုန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

**ဇီးကုန်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက် သုံးထပ်



ဘုန်းတော်ကြီးကျောင်း မြေကွက်၌ ယနေ့နံနက်ပိုင်းတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနက စီစဉ်ကျင်းပခဲ့သည်။

**စုပေါင်းစိုက်ပျိုး**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဇီးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ကျွန်း ၁၃၅ ပင်၊ မဟော်ဂနီ ၁၅ ပင်၊ မန်ကျည်းရှားပင် ၁၄၀၊ ခရေ ၁၀ ပင် စုစုပေါင်းပျိုးပင် ၃၀၀ တို့ကို စနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသ မြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသမြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသ မြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၅၅၀ အား သွားနှင့် ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျောင်းတိုက်အတွင်း ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တွေမြို့နယ်၌ ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့် စားသောက်ကုန်များ ပေးအပ်

စစ်တွေ ဇွန် ၂၃

စစ်တွေမြို့နယ်ရှိ အငြိမ်းစား ဝန်ထမ်းများအား ပင်စင်လစာ ထုတ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့် စားသောက်ကုန်များ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ပင်စင်လစာ ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှု၊ ပင်စင်လစာ ထုတ်ပေးနေမှု၊ တိုင်းရင်းဆေး ပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ကုန်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဝင်များက အငြိမ်းစားဝန်ထမ်းများအား ဆန်နှင့် စားသောက်ကုန်များ ပေးအပ်ချီးမြှင့်ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသူများအား လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

စစ်တွေမြို့နယ် အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



## ဒေါပုံမြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးတို့အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ကွင်းဆင်း



ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေါပုံမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်က ကျောင်းကျန်းမာရေးဆိုင်ရာများကို ဟောပြောခြင်းနှင့် ကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေး လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းများကို ဆောင်ရွက်သည်။

ထို့နောက် ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

## မြင်းခြံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

မြင်းခြံ ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ အသက် ၅၀ နှင့်အထက် နာတာရှည်ရောဂါခံစားနေရသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဇွန် ၉ ရက်မှ စတင်၍ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် မြင်းခြံမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ အသက် ၅၀ နှင့် အထက် နာတာရှည်ရောဂါခံစားနေရသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ



ကာကွယ်ဆေးများကို ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇင်မာသန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။ ယနေ့အချိန်ထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လူဦးရေ ၄၅၀၀ ကျော်အထိ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၉၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၉ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၃-၆-၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၅-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁၉၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၂)ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ(အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်း အသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အပြီးသတ် ဖယ်ရှားရှင်းလင်းမှု၊ စေတီတော်ရင်ပြင် တိုးချဲ့ရန် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းနှင့် စေတီတော်လုံးပတ် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ သကျမီတာ သီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဆွမ်းဦးပုညရှင်စေတီ၌ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

သာသနိက အဆောက်အအုံများကို အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်း ဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ စစ်ကိုင်း ပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့်နေအိမ် အဆောက်အအုံများကို စက်ယန္တရားကြီး အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အောင်မြေသာစံမြို့နယ်၌ အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီး၏ အဖြေလွှာများကို စနစ်တကျ သိမ်းဆည်းဆောင်ရွက်ထားရှိမှုနှင့် သက်ဆိုင်ရာစာစစ်ဌာနသို့ အချိန်မီပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ အန္တရာယ်ရှိအဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှု၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်ရှိ ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိ အလယ်တိုက်ကြီးအုတ်ကျောင်းနှင့် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီး ကျောင်းတိုက်ရှိ မြင်းတန်းကျောင်းတိုက်တို့၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား တပ်မတော်သားများက လည်းကောင်း၊ စက်ယန္တရားကြီးများကို အသုံးပြု၍လည်းကောင်း အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး လုပ်ငန်း ဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အလုပ်တွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး/ငွေရင်းထုတ်ပေး

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Ve Ve ဒိန်ချဉ် စက်ရုံမှ အာမခံအလုပ်သမား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံ/ငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍




ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Ve Ve ဒိန်ချဉ်စက်ရုံမှ အာမခံအလုပ်သမား ဦးအောင်ဘိုဘိုသည် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် မိခင်ဖြစ်သူ ဒေါ်ကျင်ငွေးအား ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံး/ ငွေရင်း ကျပ် ၈၂၀၀၀၀၀ ကို အလုပ်ဌာနမှတာဝန်ရှိသူများ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ ငလျင်ဘေးသင့်စေတီတော်များ ပြန်လည်ပြုပြင်

**ရမည်းသင်း ဇွန် ၂၃**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးတီးကျေးရွာ ဝါးတီးဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း၌ ငလျင်လှုပ်ခတ်ခဲ့သောကြောင့် ပျက်စီးယိုယွင်းခဲ့သော စေတီတော်များ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို စတင် ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ငလျင်ဘေးကြောင့် ပျက်စီးသွားသော စေတီတော်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဝါးတီးကျောင်းတိုက် ဆရာတော် ဦးသုနန္ဒနှင့် အကျိုးဆောင်ရွာသူရွာသားများသည် မြို့နယ် သံဃနာယကအဖွဲ့၊ ရပ်ကျေးအုပ်စု သံဃနာယကအဖွဲ့နှင့် ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကိုခံယူကာ ဆောင်ရွက်ခဲ့သည်။ ဝါးတီးကျောင်းတိုက်အတွင်းတွင် ရှေးလွန်ခဲ့သော နှစ်များစွာက တည်ထားခဲ့သော ဉာဏ်တော် (၇၄) တောင်ရှိ ပြည်လုံးချမ်းသာ ဆုတောင်းပြည့် စေတီတော်၊ ရွှေဂူဓာတ်ပေါင်းစုအောင်တော်မူ စေတီတော်နှင့် ဘုရားကြီးပရိဝုဏ် အနီးရှိ အရန်စေတီတော်များမှာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဦးစွာ ဉာဏ်တော် (၇၄) တောင်ရှိ သမိုင်းဝင် ပြည်လုံးချမ်းသာ ဆုတောင်းပြည့် စေတီတော်ကြီး ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ထားခြင်းကို ဝါးတီးကျောင်း ဆရာတော် ဦးဆောင်မှုဖြင့် အကျိုးဆောင်အဖွဲ့မှ အလှူရှင်များ လှူဒါန်းမှုဖြင့် ဆောင်ရွက်ကြသည်ဟုသိရပြီး ကျန်ရှိနေသော စေတီတော်များကို ပြန်လည်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နယုန်လ စာအလင်္ကာများ

မြန်မာ့ ၁၂ လရာသီ စာအလင်္ကာများကို ရှေးစာဆိုကြီးများရေးဖွဲ့ခဲ့ကြရာ ဆီသည်ရွာစား ဦးအောင်ကြီး (လူးတား)၊ တိုင်းတားမြို့သူကြီးဦးဖက်၊ မယ်ခွေ(အဲချင်း)၊ မဟာအတုလမင်းကြီး (လွမ်းချင်း)၊ ဖိုးသူတော်ဦးမင်း(သဖြန်)စသည့် ပုဂ္ဂိုလ်တို့က ၁၂ လရာသီကို တစ်လချင်းရေးဖွဲ့ထားခဲ့ကြလေသည်။

နဝဒေး၊ နတ်သျှင်နောင်၊ မင်းကြီးကတော်ခင်ဆုံ၊ လှူဦးမင်း၊ ဦးဉာဏ်ကျယ်၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးဘိုးအိုစသည့် စာဆိုများမှာ နွေဖွဲ့၊ မိုးဖွဲ့၊ ဆောင်းဖွဲ့စသည်ဖြင့် တွဲ၍ရင်း၊ လတစ်လကိုအထူးပြု၍ရင်း ရေးဖွဲ့ထားခဲ့သည်မျိုးရှိပေသည်။

၁၂ လရာသီ အစုံများရေးဖွဲ့မှုပါ အကြောင်းအရာအလိုက် (လူးတား၊ အဲချင်း၊ သဖြန်၊ လွမ်းချင်း စသည်များ) ကောင်းသလို တစ်ခုချင်း တစ်လချင်း ရေးသည့် ရာသီဖွဲ့များသည်လည်း ကောင်းလှပေသည်။ အောက်ပါ နယုန်လဖွဲ့မှာ ထိုအမျိုးအစားထဲတွင် ပါဝင်ပေသည်။ စာဆိုမှာ စာအလင်္ကာ ကဝေမယ်လှိုင်ထိပ်ခေါင်တင် ဖြစ်ပေသည်။

စာဆိုလှိုင်ထိပ်ခေါင်တင်ဆိုသည်နှင့် စိန်ခြူးကြာညောင်ဘောလယ်ကို တစ်ဆက်တည်းသိကြ၏။ မယ်တော် မမြကလေးမှာလည်း စာပေကဗျာပါရမီရှင် ဖြစ်ပေသည်။ ချစ်သမျှကို၊ မြယဉ်ရေညို၊ ရှစ်စုံရွက်ကြာ၊ ညည့်သုံးယံခါစသည့် ပတ်ပျိုးများ၊ လေ့လော့်သံ၊ တေးဘွဲ့၊ ဒွေးချိုး၊ သဖြန်၊ တေးထပ်များကို ဖန်တီးခဲ့သူ ဖြစ်ပေသည်။

သမီးဖြစ်သူ လှိုင်ထိပ်ခေါင်တင်အနေဖြင့်လည်း ငှက်ပျောပင်စိုက် မိလိုက် ဖပါ ဆိုသလို ဂီတစာဆိုပါရမီရှင်ဖြစ်၏။ ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ် (အီနောင်) ဘောလယ်၊ တေးထပ်၊ ဒွေးချိုး၊ လေးဆစ်၊ လွမ်းချင်း၊ ကျူးချင်း၊ လူးတား၊ ရတု၊ ကြိုးသီချင်း၊ ပတ်ပျိုးစသည့် ဂီတအနုသုခုမစာစုံကို ရေးဖွဲ့ခဲ့သူဖြစ်လေသည်။

ရေးလိုက်တိုင်းသည်လည်း စာကြီးပေကြီးဝင်ဂန္ထဝင်များအဖြစ်ဖြင့်သာ ကျန်ခဲ့ပါ၏။ စာဆိုလှိုင်ထိပ်ခေါင်တင်သည် အထက်ဖော်ပြပါ စာဆိုကြီးများကဲ့သို့ ၁၂ လရာသီကို တစ်လချင်း ရေးမသွားသော်လည်း ပြဇာတ်များတွင် ရာသီကာလအလိုက် ဇာတ်ဝင်ခန်း ဆိုက်လာသောအခါ လရာသီများကို ရေးခဲ့လေသည်။

ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်ကြီးများတွင် ကာလဒေသပတ်ဝန်းကျင်ကိုပြရမည့် အခန်းရောက်သောအခါ ဖော်မစုံဘွဲ့၊ ဖော်ကွာဝေး၊ မိုးဖွဲ့၊ တောဖွဲ့၊ ယာတဲဖွဲ့၊ တောင်ယာမီးရှို့ဖွဲ့စသည်ဖြင့် ရေးဖွဲ့သွားရာ ဇာတ်ဝင်ခန်းတစ်ခုတွင် နယုန်လဆိုင်ရာကို အောက်ပါအတိုင်း သရုပ်ဖော်ထားလေသည်။

ပင်ခံစပ်ကယ်နှင့် ဒဟတ်ကယ် ကွင်းမြောင်၊
ယုန်ပိုက်ကယ် ထောင်သည် ဖိုးတောင်သူ
ပျော်ရာရပ်ပေထင့်၊
ပတတ်ညို ကြင်ဖော်ရှာလို့ ကျစ်စာစားတဲ့ လ
ပေလေး။
ဂျိုးဂျိမ်းသံငယ် မိုးသံတစ်လိုက် လေတစ်ပြိုက်
ကယ်နှင့်၊
မှိုင်းဝိုက်ကယ် ရီမှုန် စည်မုရိုးငယ်နှင့် ငွေမိုးတွေ
အုံ့တော့၊
နယုန်လ ချိန်နယ်မှာ လူသူငယ်ဝါးထောင်ချောက်
ကယ်နှင့်၊
တောခြောက်တယ်လေး။ ။ .......

ဟုရေးဖွဲ့ထားလေသည်။

ဤနယုန်လဖွဲ့မှာ ဒဟတ်တောကွင်း ခံစပ်ပင်တောတန်းတွင် တောင်သူတို့ ယုန်ထောင်ကြပုံ၊ ပုတတ်ကောင်လေးများ မဖိုသဘာဝ ကြင်ဖော်ရှာကြပုံ၊ ကျစ်စာစားကြပုံ၊ မိုးတစ်လိုက် လေတစ်ပြိုက်နှင့် အုံ့မှိုင်းကာ မိုးရွာပုံ၊ လူငယ်လေးများ တောခြောက်ပြီး ယုန်ထောင်ပုံတို့ကို ကွက်ကွက်ကွင်းကွင်း ရေးထားသော စာအလင်္ကာမိုးဖွဲ့ (နယုန်လ) ဖြစ်ပေသည်။ ဤမိုးဖွဲ့မှာ မည်သည့်စာကြီးပေကြီးမျှ မပါဝင်ဘဲ အရပ်သိ ဇာတ်သိ ဝေါဟာရများသာဖြစ်ပေသည်။

ကဗျာကဝိတို့၏ သီအိုရီအရ ဒေါသကင်းသော၊ ဂုဏ်မြောက်သော၊ အလင်္ကာ အထိုက်အလျောက်ပါဝင်သော သဒ္ဒါနှင့် အနက်သည် ကဗျာမည်၏ ဆိုသည့်အလိုက် ကဗျာပီသပါပေ၏။ ရိုးရှင်း၍ သဘာဝအလှ ပေါ်လွင်လှပါဘိ။ ကာရန် စည်းဝါးလည်း ကိုက်လှပါ၏။

အောက်ပါနယုန်ဖွဲ့မှာ တိုင်းတားမြို့သူကြီး ဦးဖက်၏ တေးထပ်ဖြစ်သည်။

နန်းနယုန် နယ်လကို ကြယ်ဖြပ်ဘွား တာရာ၊
ရွှေဇေဋ္ဌ ပုဏ္ဏာဝယ် ယုန်စန္ဒာ ပြိုင်မျှ၊
မုလေးပျံ့ သေးသွယ်ငယ် ရွှေစံပယ် သင်းတဲ့မာသ။
သုဓမ္မရိပ်သာမှာ သဘင်စာ သည့်လ၊
မင်္ဂလာထွန်တော်ချလို့ သေနင်္ဂ လေးအင်၊
ထုံးစဉ်စံ သွေမခွတယ် ဘုန်းရာများထွတ်
(ထိပ်ဘုရင်)။
ဉာဏ်တမွတ် ဆန်ဆင်တယ် မေထုန်ခွင် နွေစွန်
လမှာမို့၊
မိုးမာန်က တအုံအုံ မည်းတည့်လို့ မှုန်၊
မြဖြန်ရဲ့တိမ်ဂဠုန်လို သိန်တဂုဏ် ကူဖြိုးလှလေး။
မစုံသူ့ ရွှေရင်မှာ ဖြေတင်နိုင် ပူညှိုးရလေး။ ။

ဤတေးတပ်တွင် လယ်ထွန်မင်္ဂလာအကြောင်းအရာပါ ပါဝင်၏။

အောက်ပါနယုန်လဖွဲ့မှာ မဟာအတုလမင်းကြီး၏ လွမ်းချင်းဖွဲ့ဖြစ်ပေသည်။

နတ်စည်ငယ် ရွှမ်းပါလို့ ခြိမ့်မွှမ်းငယ်သံစုံ၊
ကမြူးငယ် ခုန်သည် လနယုန် သည်ချိန်မို့၊
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။
ရာသီငယ် မေထုန ဆယ့်နှစ်လမို့၊
ဇေဋ္ဌပြောင်ရှိန် တောက်လောင်ငယ် ထိန်သည်၊
ရာဇိန္ဒနတ် ပိဋကတ်မှာ မပြတ်ကယ်ထွက်စံ
စာညီလာခံသောခါ၊
ဗိုလ်ခြံတဲ့ ရွှေလယ်မှာ ငွေစံပယ် ဖြူမုလေးက
မွှေးလှတယ်လေး။ ။

ဖော်ပြပါစာအလင်္ကာများမှာ နယုန်လဖွဲ့ ပုံမှန်သဘောများကို သိသာပေပြီ။

ရှေးခေတ် မြန်မာ့ရိုးရာ နတ်ချင်းနှင့် တေးကဗျာများသည် ပုဂံခေတ်မှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်စဉ်များတစ်လျှောက် ကျေးလက်ဒေသ လယ်တောတစ်ခွင် ရိုးရာသဘောမှသည် အခြေတည်ကာ မြို့ပြအခြေအနေ ထီးမူနန်းရာပိုင်းကိုပါ တဖြည်းဖြည်း ချဉ်းကပ်ဝင်ရောက်လာလေသည်။ ညောင်ရမ်းခေတ်ကုန်လုနီးကာလတွင် ဝန်ကြီးပဒေသရာဇာ ကဲ့သို့သော စာဆိုများက အချင်းကဗျာ၊ အဲချင်းကဗျာများကိုအခြေခံကာ သီချင်းခံတည်းဟူသော အဆင့်မြင့်တေးကဗျာများကို ပုံစံကျကျ ဖွဲ့နွဲ့သီကုံးမှု ပြုလာကြသည်။ ဤအစဉ်အလာကို ကုန်းဘောင်ခေတ်ဦးကာလတွင် ဆက်လက်သုံးစွဲ အကောင်အထည်ဖော်လာကြသည်။ ကုန်းဘောင်ခေတ်အလယ် သက္ကရာဇ် ၁၁၆၀ ကျော်နှစ်ပိုင်း ကာလအတွင်းက မုံရွေးဆရာတော်သည် မြန်မာ

**“ရှေးခေတ် မြန်မာ့ရိုးရာ နတ်ချင်းနှင့် တေးကဗျာများသည် ပုဂံခေတ်မှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်စဉ်များ တစ်လျှောက် ကျေးလက်ဒေသ လယ်တောတစ်ခွင် ရိုးရာသဘောမှသည် အခြေတည်ကာ မြို့ပြအခြေအနေ ထီးမူ နန်းရာပိုင်းကိုပါ တဖြည်းဖြည်း ချဉ်းကပ် ဝင်ရောက်လာလေသည်။ ညောင်ရမ်းခေတ်ကုန်လုနီး ကာလတွင် ဝန်ကြီးပဒေသရာဇာကဲ့သို့သော စာဆိုများက အချင်းကဗျာ၊ အဲချင်းကဗျာများကိုအခြေခံကာ သီချင်းခံတည်းဟူသော အဆင့်မြင့် တေးကဗျာများကို ပုံစံကျကျ ဖွဲ့နွဲ့သီကုံးမှု ပြုလာကြသည်။ ဤအစဉ်အလာကို ကုန်းဘောင်ခေတ်ဦးကာလတွင် ဆက်လက်သုံးစွဲ အကောင်အထည်ဖော်လာကြ”**

ရှေးရိုးရေးကဗျာများကို စုစည်း၍ “အချင်းစုံ”ခေါ် “ဟာသ ဇဝနိက ဉာဏမဥ္ဇရီ”ကျမ်းကို ပြုစုခဲ့ပါသည်။

လက်ဝဲနော်ရထာသည် ရှေးရိုးမြန်မာတေးချင်းများကို အသံအမှတ်အသားမှသည် သီချင်းစာသားများ ထည့်သွင်း၍ အလိုက်သီချင်းများ စပ်ဆိုခဲ့သည်။ ရှေးရိုးဂီတစာဆိုတစ်ဦး ဖြစ်ပါသည်။ ယခုခေတ် မဟာဂီတကျမ်းပါ “ကြိုး/ဘွဲ့/သီချင်းခံ/ပတ်ပျိုး/ယိုးဒယား” စသည့် ပုံစံတကျမဟာဂီတသီချင်းဟူ၍ ပီပီပြင်ပြင် မပေါ်ပေါက်သေးသည့်ချိန်ခါဖြစ်ပါသည်။ မြဝတီမင်းကြီးဦးစ၏ ကိုယ်တိုင်ရေးဂီတမှတ်တမ်းကို လေ့လာကြည့်ရှုပါက ယခုခေတ် မဟာဂီတတွင် မိမိရရခွဲခြားပြသ လက်ခံကျင့်သုံးနေသည့် သီချင်းအမည်များ မပေါ်ပေါက်သေးသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

စာဆို ဝန်ကြီးပဒေသရာဇာသည်လည်း “ကြိုး/ဘွဲ့/သီချင်းခံ” ဟူသော မဟာဂီတသီချင်းကြီးများအတွက် မျိုးစေ့ချပေးခြင်းနှင့်အတူ မြန်မာရှေးရိုးမဟာဂီတလောကကို တစ်ဆင့်မြင့်အောင် ဆောင်ရွက်မှုများကိုပါ ဆောင်ရွက်ခဲ့ပါသည်။ ထိုအထဲတွင် အဲချင်းသည်လည်း စာအလင်္ကာအမျိုးအစားတစ်ခုဖြစ်လေသည်။ နတ်ချင်းအဲ၊ မင်းမိဖုရားနှင့်စပ်သောအဲ၊ လပအဲ၊ ဗုံအဲ၊ ကောက်စိုက်အဲ၊ မောင်းအဲ၊ လွန်တေးခေါ် မိုးခေါ်အဲ၊ ကြိုးသံအဲ စသည်ဖြင့် အဲချင်းအမျိုးမျိုးရှိပေသည်။

ထိုအထဲတွင် စာဆိုမယ်ခွေ၏ (၁၁၅၀ခန့်-၁၂၀၀ခန့်) ၁၂လရာသီအဲသည်လည်း ပါဝင်ပေသည်။ မောင်းအဲ၊ လယ်ထွန်ကောက်စိုက်အဲ စသည်တို့တွင် ပညာရပ်ဆိုင်ရာများ လေးလေးနက်နက်မပါဘဲ အရပ်သုံးဇာတ်သုံးမျှသာ ပါဝင်ပေသည်။

အဲချင်းစာဆိုများမှာ ဦးယာ၊ မောင်ထွား၊ မောင်ရီ၊ မယ်ခွေ စသည်တို့ဖြစ်သည်။ အထူးသဖြင့် ဦးယာနှင့် မယ်ခွေ၏ အဲချင်းများမှာ ပို၍ထင်ရှား၏။ ပညာရပ်ဆန်၏။ လေးနက်မှုရှိ၏။ ထိုထဲတွင် မယ်ခွေ၏အဲချင်းသည် ပို၍ပင်လေးနက်သည်ဟု ဆိုရာ၏။

ရာသီဘွဲ့တစ်ခု ရေးစပ်ရာတွင်

၁။ လရာသီ (မိဿ၊ ဗြိဿ၊ မေထုန်၊ ကရကဋ်... တန်ခူး၊ ကဆုန်၊ နယုန် စသည်..)
၂။ နက္ခတ်တာရာ (လပြည့်စန်းယှဉ်... စသည်..)
၃။ လရာသီပန်း
၄။ တိတ်စွဲဒေသ (တိုင်းနိုင်ငံ...)
၅။ ပွဲတော် စသည့် အချက်အလက်......

များပါရပေသည်။

ဤမယ်ခွေ၏ နယုန်လဘွဲ့စာပေတွင် ရာသီပန်းဖွဲ့ စံပယ်မြတ်လေး၊ ရာသီစာမေးသဘင်၊ နယုန်လစာပြန်ပွဲ၊ မေထုန်ရာသီ အဒြနက္ခတ်နှင့် နေသွားလသွား အကြောင်းခြင်းရာများ၊ နေ့နာရီ ညနာရီ၊ စန်းယှဉ်နက္ခတ်၊ ကလိင်္ဂရာဇ်တိုင်း နိုင်ငံ တိတ်စွဲ စသည်တို့ ပါရှိလေသည်။ ကလိင်္ဂတိုင်း တံငါတာရာ ကြယ်မိုန်ပါက တိုင်းနိုင်ငံဒေသများ ကံကြမ္မာညှိုးနွမ်းတတ်ကြသည်ဟု ဆိုလိုသည့် သဘောပါလေသည်။ (ဗြိစ္ဆာရာသီ ဇေဋ္ဌနက္ခတ် တံငါတာရာ)

ဗြိစ္ဆာရာသီ တံငါတာရာထဲရှိ ကြယ်မိုန်ပါက တိုင်းနိုင်ငံဒေသတို့ ကံကြမ္မာညှိုးတတ်သည်ဟုလည်းဆိုလိုပေသည်။ ထိုအကြောင်းခြင်းရာများသည် ငိုတတ်သည့်ကလေးကို ကျီစားသလို မလုပ်ပါနှင့် အားကိုးပါတယ်။ တိုင်းပြည် သာယာဝပြောပါစေ။ ထိုအကြောင်းခြင်းရာများ မဖြစ်ပါစေနဲ့ဟု ဆိုလိုသည့်သဘောဖြစ်သည်။ ဤထက် နက်နဲကျယ်ဝန်းသော အကြောင်းခြင်းရာများလည်း ပါပေသေး၏။ စာရှုသူများ မယ်ခွေ၏ နယုန်လဘွဲ့ကို ဖတ်ရှုခံစား၍ စာပေရသ အနက်အဓိပ္ပာယ်ကို ကြံဆနိုင်ကြပါစေကုန်သတည်း။

ရွှေသားမှသိင်္ဂီလေ.... အဒြကြယ်၊ ပါဒ်သုံးသွယ်နှင့်၊ နေဆွယ်ရထား၊ ယှဉ်ပြိုင်သွားလို့၊ စက်နားမေထုန်၊ လွမ်းဖို့ဆုံလှတယ်၊ နယုန်ဆီကိုတဲ့လေး။
သီတာငယ်မှစိမ်းလှည့်၊ ရေမှာကြည့်လည်း၊ ရေ၏ထုံးတမ်း၊ တောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမညောင်းသည်၊ နွေနှောင်းလမို့၊ ကမ္ဘာ့ကျက်သရေ၊ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စမွယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ စာမေးသဘင်၊ ငှက်ပေါင်းရှင်လို့၊ မင်းလင်ငယ် ဝေသည်၊ တောင်လေပြေမှိုင်းပုံနှင့်၊ ကြုံပြန်လေခြင်း။
မလင်းမှ ကောင်းကင်၊ တိမ်ခိုနန်းမြှောင့်၊ ရာဟုထောင့်က၊ မြတောင့်ပမာ၊ လက္ခဏာလည်း၊ လာ၍ဆင်သို့၊ သဘင်မှမွေ့သိမ်၊ တစ်ဆယ့်ခုနစ်၊ ပြင်နာရီနစ်တုန်းမို့၊ ဇေဋ္ဌစန္ဒာ၊ ရွှေလညိုသာဘဲနှင့်၊ တံငါငယ် ကြယ်မှိန်သည်၊ ပြည်ကလိင်္ဂရာဇ်နေတို့၊ ကံရွှေတိုင်ညှိုး။
လရာသီစု (စိတ်ကယ်မှရှုပါဘူး၊ ရွှေဥနှင့်မင်းမိဝေးခိုက်မှ ဖိတယ်လို့၊ ကလိ မျက်ညိုး၊ ဘယ်ပြိုးတော် သိုရတယ်၊) ငိုတတ်သည့် သူငယ်လို၊ အသွယ်သွယ် မကျီစားပါနှင့်၊ တအားကိုး။ ။

မောင်လူမွေး(မြန်မာမှု)

# ပန်းတိုင်အထွက်ရရှိရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနနှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် မောင်းရမ်းတောင်သူ ပညာပေးစင်တာတွင် ဒေသခံ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲဆွေးနွေးစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး လယ်သမားများနှင့် စဉ်ဆက်မပြတ် ကွင်းဆင်းထိတွေ့ပြီး စိုက်ပျိုးရေးနည်းပညာပေးရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ AI နည်းပညာကို တောင်သူများ အကျိုးရှိထိရောက်စွာ အသုံးပြုတတ်စေရန် စွမ်းဆောင်ရည်မြှင့်တင် ပညာပေးခြင်းများဆောင်ရွက်ရန်၊ မိုးရာသီတွင် ရေထုတ်ရန်ခက်ခဲသည့် လယ်မြေများအတွက် ရေနေခံစပါးမျိုးကဲ့သို့ ရေနစ်ခံနိုင်သည့် စပါးမျိုးကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ချက်များ၊ ပန်းတိုင်အထွက်နှုန်းထက်မြင့်မားသည့် တောင်သူအရေအတွက်များနိုင်သမျှ များအောင်ဆောင်ရွက်ရန်နှင့် အထွက်နှုန်းများသည့် တောင်သူများလိုက်နာကြသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို မှတ်တမ်းတင်ထားရှိရန် လိုအပ်ချက်များ ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းပြသ**

ထို့နောက် တက်ရောက်လာကြသည့်တောင်သူများ၏ ယခင်ခေတ်အဆက်ဆက် စိုက်ပျိုးခဲ့ကြသည့်စပါးမျိုးနှင့် ၎င်းတို့၏ အရည်အချင်း လက္ခဏာများအပေါ် တောင်သူများ၏ အမြင်များ၊ ယခင်ကအောင်မြင်ခဲ့သည့် မနောသုခကဲ့သို့စပါးမျိုးများ၏ သမိုင်းကြောင်းနှင့် လက်ရှိတွင် တောင်သူများလိုအပ်သည့်စပါးမျိုး၌ ရှိရမည့်အရည်အချင်း လက္ခဏာများ၊ အသက်ရက် ၁၂၀ ထက် မကြီးဘဲ အပင်အမြင့် သုံးပေခွဲခန့်နှင့် အပင်တောင့်တင်းကာ အနံ့ကောင်းမွှန်ပြီး စားသုံးမှုအရည်အသွေးကောင်းမွန်သည့် စပါးမျိုးလိုအပ်မှု၊ စပါးသီးနှံ ရိတ်သိမ်းချိန်တွင် သီးနှံလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရန်တို့ကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လုပ်ကွက်ငယ်တောင်သူများအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မောင်းရမ်းအုပ်စုကွင်း၌ စိုက်ပျိုးပြသထားသည့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော YAR-14၊ YAR-10၊ YAR-07၊ ဆင်းရွှေရင်-၃၊ ဆင်းရွှေရင်-၂၊ ဆင်းရွှေရင်-၁၊ အောင်နိုင်တိုး စသည့် စပါးမျိုး ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ဆွေးနွေးပွဲတက်ရောက်လာသော တောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများ၊ ဇလောင်း၊ မောင်းရမ်း၊ မင်းကုန်း၊ တောင်ညို၊ သရက်တောကျေးရွာများမှ တောင်သူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

**ညောင်လေးပင် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမှတ်(၁၂) စက်မှုလယ်ယာစခန်း ညောင်လေးပင်မြို့နယ်မှပြုလုပ်သော ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လက်ပံဘုအရှေ့စုကျေးရွာ တောင်သူဦးညွန့်အောင်၏ ဆင်းသုခစိုက်ဧက ၁၂ ဧက၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်က စက်ကြီးကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်း အကျိုးတရားများကို ရှင်းလင်းပြောကြားကာ တောင်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆက်လက်၍ ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ကျုံပျော်မြို့နယ်၌ ပြည်ထောင်စုလူမှုစီးပွား မြှင့်တင်ရေးစီမံကိန်း သွင်းအားစုပေးအပ်ပွဲကျင်းပ

**ကျုံပျော် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဝါယမအသင်းသားတောင်သူများထံသို့ ပြည်ထောင်စုလူမှုစီးပွားမြှင့်တင်ရေး စီမံကိန်းမှ သွင်းအားစုထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မိုးကြိုးပစ်ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သမဝါယမဦးစီးဌာန နေပြည်တော် ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးကျော်စိုးမင်းတို့က အသင်းသား ၃၀၊ စိုက်ဧက ၉၀ တို့အတွက် သွင်းအားစုနှင့် ထွန်ယက်ခထောက်ပံ့ငွေကျပ် သိန်း ၁၈၀ ကို အသင်းသားကိုယ်စားလှယ်များအား ပေးအပ်သည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေး၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးကျော်စိုးမင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အသင်းသားတောင်သူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဂြိုဟ်တုဓာတ်ပုံများနှင့် INAHOR Software အသုံးပြုပြီး စပါးစိုက်ဧရိယာ ခန့်မှန်းတွက်ချက်လေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းကျင်းပ



**နေပြည်တော် ဇွန် ၂၃**

ဂြိုဟ်တုဓာတ်ပုံများနှင့် INAHOR Software အသုံးပြုပြီး စပါးစိုက်ဧရိယာခန့်မှန်း တွက်ချက်လေ့လာခြင်းအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားခရိုင်မြေစာရင်းဦးစီးဌာန ရုံးဝင်းအတွင်းရှိ မဲခေါင်-လန်ချန်းသီးနှံအထွက်နှုန်းဆန်းစစ်အကဲဖြတ်ဗဟိုဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**ကြိုဆိုနှုတ်ခွန်းဆက်**

အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ် (AFSIS) အတွင်းရေးမှူးရုံးမှ မန်နေဂျာ Dr. Sunmaya Ngandee၊ ကျွမ်းကျင်ပညာရှင် Mr. Shoji Kimura၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) သင်တန်းကျောင်းနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသားဝန်ထမ်း ၃၅ ဦးတို့က In-person တက်ရောက်ကြပြီး ဂျပန်နိုင်ငံ RESTEC နှင့် JAXA အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များက အွန်လိုင်းဖြင့်တက်ရောက်ကြ၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းထွဋ်နှင့် AFSIS အတွင်းရေးမှူးရုံး၏ မန်နေဂျာ Dr. Sunmaya Ngandee တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းတွင် The Advanced Land Observing Satellite-2 (ALOS-2) နှင့် Sentinel-2 ဂြိုဟ်တုများမှရရှိသောအချက်အလက်များကို INAHOR Software အသုံးပြု၍ စပါးစိုက်ဧရိယာခန့်မှန်းတွက်ချက်လေ့လာခြင်းကို ဂျပန်နိုင်ငံ RESTEC နှင့် JAXA အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များက အွန်လိုင်းဖြင့် သင်တန်းပို့ချ၍ AFSIS အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများက လိုအပ်သောနည်းပညာအထောက်အပံ့များ ဆောင်ရွက်ပေးခြင်းတို့ကို ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**



# ဥတ္တရသီရိမြို့နယ်၌ စိုက်ပျိုးရေးအထောက်အကူပြု AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေသည့် AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေးလုပ်ငန်းကို ယနေ့မွန်းလွဲပိုင်းတွင် မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဆောင်ရွက်ပေးသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ ဖုန်းထဲသို့ Software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့်နည်းလမ်းများ စမ်းသပ်ပြသခြင်း စသည့်ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ဥတ္တရသီရိမြို့နယ်၌ ယနေ့အထိ ကျေးရွာအုပ်စု ငါးအုပ်စု၊ ဝန်ထမ်း ၂၅ ဦးနှင့် တောင်သူစုစုပေါင်း ၅၀ တို့ကို AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# အမေရိကန်တွင် အီရန်နျူကလီးယားစက်ရုံများအား တိုက်ခိုက်မှုအပေါ် ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒဖော်ထုတ်ပွဲများဖြစ်ပွား

ဝါရှင်တန် ဇွန် ၂၃

အီရန် နျူကလီးယားစက်ရုံများအား အမေရိကန်က တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒဖော်ထုတ်ပွဲများကို နယူးယောက်၊ ဝါရှင်တန်ဒီစီနှင့် နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နယူးယောက်မြို့ရှိ တိုင်းစ်စကွဲတွင် အီရန်အပေါ် စစ်ဆင်နွှဲခြင်းမှ ရပ်တန့်ရန်နှင့် အီရန်၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဆန္ဒဖော်ထုတ်သူများက တောင်းဆိုခဲ့သည်။

အိမ်ဖြူတော်၏ ပြင်ပနှင့် နိုင်ငံအတွင်းရှိ မြို့ ၁၅ မြို့တွင် အလားတူဆန္ဒဖော်ထုတ်မှုများဖြစ်ပွားခဲ့သည်။ အမေရိကန်သမ္မတထရမ့်၏ ကျိုးကြောင်းဆီလျော်မှုကင်းစွာ အီရန်နျူကလီးယားစက်ရုံများအား ဗုံးကြဲတိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုဖြစ်ပြီး ကုလသမဂ္ဂပဋိညာဉ်ပါပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဥပဒေအပါအဝင် အမေရိကန်နိုင်ငံ၏ အခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကာ ၎င်းတိုက်ခိုက်မှုမှတစ်ဆင့် ဒေသတွင်းနှင့် ကမ္ဘာ့စစ်ကို ဖြစ်ပွားစေနိုင်သည်ဟု ဆန္ဒဖော်ထုတ်သူများက ဆိုရှယ်မီဒီယာပို့စ်တစ်ခုတွင် ပြောကြားသည်။ အမေရိကန်နှင့်အစ္စရေးတို့အနေဖြင့် အီရန်နိုင်ငံအား တိုက်ခိုက်နေမှုကို ချက်ချင်းရပ်တန့်ရန် မိမိတို့တောင်းဆိုကြောင်း ဆန္ဒဖော်ထုတ်သူများက ပြောကြားသည်။




အီရန်အား စစ်ရေးအရ တိုက်ခိုက်ခြင်းကို ထရမ့်က ကွန်ဂရက်၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ၎င်းတိုက်ခိုက်မှုကြောင့် အီရန်၏ လက်တုံ့ပြန်မှုများကို ခံရနိုင်ကြောင်း ဆန္ဒဖော်ထုတ်သူများကပြောကြားသည်။

အမေရိကန်နိုင်ငံသားများသည် နိုင်ငံအတွင်း ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ရန်ပုံငွေများ ထောက်ပံ့ခြင်းကို လိုလားသော်လည်း ထရမ့်နှင့် အပေါင်းပါများသည် ကမ္ဘာတွင် စစ်ပွဲဖြစ်ပွားခြင်းကိုသာ လိုလားနေကြကြောင်း ဆန္ဒဖော်ထုတ်သူများက ပြောကြားသည်။ ယခုပဋိပက္ခကို သံတမန်နည်းလမ်းဖြင့်အဖြေရှာခြင်းကသာ အကောင်းဆုံးဖြစ်သည်ဟု ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# အမေရိကန်က အီရန်ကို တိုက်ခိုက်ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးကျင်းပ



နယူးယောက် ဇွန် ၂၃

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများအား အမေရိကန်က တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဇွန် ၂၂ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာကြီးတွင် တစ်ဖက်နှင့်တစ်ဖက် လက်တုံ့ပြန်မှုသံသရာ ရှည်သွားနိုင်ကြောင်း အီရန်နှင့် အစ္စရေးအပြန်အလှန်တိုက်ခိုက်မှုများကို ရည်ညွှန်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်က သတိပေးပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ငြိမ်းချမ်းရေးအား အခွင့်အလမ်းတစ်ခုအဖြစ် ကိုင်စွဲဆောင်ရွက်ရန် ၎င်းကပန်ကြားခဲ့သည်။

၎င်းပဋိပက္ခအား ကျိုးကြောင်းဆင်ခြင်မှုရှိရှိဖြင့် လက်တုံ့ပြန်မှုများကို ရှောင်ရှားပြီး စစ်ရေးနည်းလမ်းဖြင့်မဟုတ်ဘဲ သံတမန်နည်းလမ်းအရ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးအတွက် လုံခြုံရေးကောင်စီနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအား ၎င်းက တိုက်တွန်းခဲ့သည်။ အမေရိကန်၏ တိုက်ခိုက်မှုများကြောင့် အီရန်နျူကလီးယားစက်ရုံများဖြစ်သည့် ဖော်ဒို၊ နတန့်ဇ်နှင့် အစ္စဖာဟန်တို့တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ ရာဖယ်ဂရော်ဆီက ပြောကြားသည်။

မြေအောက် ထိုးဖောက်ဝင်ရောက်နိုင်သည့် ဘန်ကာဗုံးများကို အသုံးပြု၍ တိုက်ခိုက်ခဲ့သဖြင့် ၎င်းနျူကလီးယားစက်ရုံများတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း အမေရိကန်က ပြောကြားသည်။ ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် ပျက်ကွက်ပါက ၎င်းတို့၏ ရပ်တည်မှုဆိုင်ရာ ဂုဏ်သိက္ခာများ ကျဆင်းနိုင်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်အန်မာ ဆာယိဒ် အိုင်ဗာနီက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – စိုးသူရ

# တရုတ်နိုင်ငံ၌ သဘာဝဘေးကာကွယ်ရေးရန်ပုံငွေ ပေးအပ်

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံ၌ သဘာဝဘေးကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဗဟိုအစိုးရရန်ပုံငွေ ယွမ် သန်း ၃၀၀ကို သတ်မှတ်ကျခံသုံးစွဲမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

၎င်းရန်ပုံငွေကို ဟူနန်၊ ကွမ်တုန်း၊ ချုံကွင်း၊ ဂွမ်ဇူးနှင့် ဟူပေဒေသများအတွက်ပေးအပ်မည်ဟု သိရသည်။

နိုင်ငံတောင်ပိုင်းရှိ ဒေသများတွင် ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးများဖြစ်ပွားခဲ့သဖြင့် ယခုကဲ့သို့ ရန်ပုံငွေ ပေးအပ်ခြင်းဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးတို့တွင် သုံးစွဲမည်ဟု သိရသည်။

ယခုကဲ့သို့ ရန်ပုံငွေများ ထောက်ပံ့ပေးခြင်းဖြင့် အနာဂတ်ကာလတွင် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို လျှော့ချရာတွင် ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ



# ဂရိနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွား

အေသင် ဇွန် ၂၃

ဂရိနိုင်ငံအရှေ့ပိုင်း Chios ကျွန်းပေါ်တွင် ဖြစ်ပွားနေသည့် တောမီးလောင်မှုများကို တာဝန်ရှိသူများက ငြိမ်းသတ်နေကြောင်း အေသင်မက်ဆီဒိုးနီးယား သတင်းအေဂျင်စီက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

Chios ကျွန်းမြောက်ပိုင်း သစ်တောထူထပ်သည့် အေဂျီမာတာဒေသတွင် ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဂရိမီးသတ်ဌာနက ပြောကြားသည်။ လက်ရှိဖြစ်ပွားနေသည့် တောမီးလောင်မှုသည် Aghios၊ Sykousis နှင့် Dafnonas ဒေသများသို့ လေပြင်းတိုက်ခတ်မှုများမှတစ်ဆင့် ကူးစက်နိုင်သဖြင့် ၎င်းဒေသများရှိ ဒေသခံများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်တွင် မီးငြိမ်းသတ်မှုများဆောင်ရွက်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၉၀ နှင့် မီးသတ်ယာဉ် ၃၈ စီးကို ၎င်းဒေသသို့စေလွှတ်ခဲ့သည်။ ဂရိနိုင်ငံတွင် ခြောက်သွေ့သည့် နွေရာသီတွင် မီးလောင်မှုများဖြစ်ပွားလေ့ရှိပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကလည်း မီးလောင်ကျွမ်းမှုဖြစ်ပွားစေရေးအတွက် ပံ့ပိုးပေးနေကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ ခရစ်ယာန်ဘုရားကျောင်းတွင် တိုက်ခိုက်မှုဖြစ်ပွား

ဒမတ်စကတ် ဇွန် ၂၃

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ ခရစ်ယာန်ဘုရားကျောင်းတွင် ဇွန် ၂၂ ရက်က ဝတ်ပြုဆုတောင်းပွဲကျင်းပနေစဉ် သေနတ်သမားများက ပစ်ခတ်ခဲ့ပြီး အသေခံဗုံးခွဲခဲ့ရာ အနည်းဆုံး ၂၂ ဦး သေဆုံးပြီး ၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

Mar Elias (St. Elias) ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပွဲကျင်းပနေစဉ် အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။ သေဆုံးသူများတွင် ကလေးများနှင့် အမျိုးသမီးများ ပါဝင်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

အမျိုးသားနှစ်ဦး ဘုရားရှိခိုးကျောင်းအတွင်းဝင်ရောက်လာကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံတွင် အိုင်အက်စ်အဖွဲ့ ထိန်းချုပ်ရာဒေသများတွင် ခရစ်ယာန်ဘာသာဝင်များအပေါ် တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိသည်။ ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ



# တာချီလိတ်မြို့တွင် ငွေကျပ် ၆၀၄ ဒသမ ၉ သိန်းကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ



အောင်မျိုးလင်း(ခ)အားဖာ၊ အိုက်ဆမ်(ခ)အားဟုန်နှင့် စိုင်းလုံ(ခ)ဝမ်ဒင်တို့ကို ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၃

တာချီလိတ်မြို့တွင် ငွေကျပ် ၆၀၄ ဒသမ ၉ သိန်းကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်၂၁ ရက် ညနေပိုင်းက သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် မြို့ပတ်လမ်းပေါ်တွင် အောင်မျိုးလင်း (ခ) အားဖာ မောင်းနှင်ပြီး အိုက်ဆမ် (ခ) အားဟုန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ခြောက်ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ဖမ်းဆီးရမိသည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် လားဟူဈေးအနီး၌ အိုက်စ် (မက်သ်အဖက်တမင်း) များ ရောင်းချပေးသူ စိုင်းလုံ (ခ) ဝမ်ဒင်အား ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ၎င်း၏နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေရာ အိုက်စ် (မက်သ်အဖက်တမင်း) သုည ဒသမ ၀၀၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၀၀၀၀)၊ အက်တက်စီဆေးပြား ၁၁ ပြား (တစ်ပြားလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၄ ဒသမ ၄ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ပြား (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၆၃၀၀) တို့ကို ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မျိုးလင်း (ခ) အားဖာ (၂၂)နှစ်၊ အိုက်ဆမ် (ခ)အားဟုန်(၂၂)နှစ်နှင့် စိုင်းလုံ (ခ) ဝမ်ဒင် (၃၂) နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် ရွှေကူမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ရွှေကူစတားယာဉ်လိုင်းမှ HIACE အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည်ဇော်မင်းနှင့် ခင်စန်းတင့်တို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၂ သိန်း)၊ ဘိန်းဖြူ သုည ဒသမ ၀၉၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၉ ဒသမ ၆ သိန်း) သိမ်းဆည်းရမိသဖြင့် ဇော်မင်း (၅၀)နှစ်၊ ခင်စန်းတင့်(၄၉) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် ခဲမဖြူသတ္တုများ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ



သိန်းဦးဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇွန် ၂၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၈၉၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၂၁၀၀၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ် (၁၈)လမ်း အမှတ် (၁၆၅၉)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၁၈၀၈၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ မသေကျေးရွာအုပ်စု ကံမော်ကြီးကျေးရွာအနီး၌ ရေယာဉ် တစ်စင်းပေါ်မှ တရားမဝင် ခဲမဖြူသတ္တု ၄၄ ဒသမ ၄၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၈၄၀၀၀၀၀) နှင့် အဆိုပါသတ္တုများ တင်ဆောင်လာသည့် ရွှေရည်-၇ သစ်သားကိုယ်ထည် စက်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၂၅၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၉၈၉၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သိန်းဦးဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၄၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Yadanar Win-3 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၈၆၈၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၂ ရက်တွင် ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၃ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၃၆၀၀၈၀၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၆-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လေ့လာစရာစုံလင် အဖိုးမြန်ပြည်တစ်ခွင် 'ယဉ်ကျေးမှုနှင့် သမိုင်းတို့ရှိရာ'
- ၀၉:၁၀ နဝင်္ဂဥပေါ်သထသီလပေးတရားတော်
- ၀၉:၃၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ ပုဂံမြေမှ ယွန်းလက်မှုပညာ
- ၁၂:၃၅ 'သင့်သဘောအတိုင်းဖါဖဲ' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မှသားနောက်ကွယ်' (အပိုင်း-၁၂)
- ၁၄:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနင်ရာခရီး' (အပိုင်း-၅၀)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၀ ဝက်ယူပွဲယ်ရာမြန်မာ့သနပ်ခါးအမွေအနှစ်
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသံဝက်
- ၁၈:၄၅ ဆုတောင်းမေတ္တာ တေးကဗျာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (အပိုင်း-၂၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသံဝက်
- ၂၁:၁၀ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ် The Great Wall 'သမိုင်းဝင်ယဉ်ကျေးမှု' (အပိုင်း-၁၀)
- ၂၂:၀၀ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဇာတ်လမ်း 'ကြိုး' (ပထမပိုင်း)

### mitv

- 07:02 Evergreen Classic: Shwin Lan Chan Myae Par Zay
- 07:08 Shwedagon Buddha Museum
- 07:43 The Banjoist
- 08:26 Topics Potpourri; Virtual Stardom
- 08:31 A Trip to Gyobyu Reservoir (Part-1)
- 09:01 Centenary of Yangon University: International Relations Dept.
- 09:11 Commercial Farming to GDP Growth, Water-Spinach Grower
- 09:31 The High Reliability (GTI) Thanlyin for the Students Youths
- 09:52 Mote Pel Sote from Intaing Village

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
- ၀၆:၄၀ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ မြန်မာဇာတ်လမ်းတွဲ 'လက်ဆောင်'(အပိုင်း-၃)
- ၀၇:၄၅ စတီရီယိုတေးများ
- ၀၈:၀၅ K POP Music Gallary (22)
- ၀၈:၂၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'လူနှစ်ယောက်ကားတစ်စီးမိုးတစ်ည'
- ၀၉:၂၀ ကာတွန်း 'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၂၅)
- ၁၀:၀၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ညှို့သည်'

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) မြင်တွေ့ခေချင်ကယားတို့ဌာနေ
- စကောကရင် (၀၈:၀၀ မှ ၀၉:၀၀) စောဘလက်တေးလက်ဆောင်
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၁)
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) စွဲမက်စရာဇင်ပြူးသီးတာလပေါ်ဟင်းလျာ
- ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀) သင်မယ်၊ရေးမယ်တို့ချင်းစာ(အပိုင်း-၃၄)
- ချင်း (ချို) (၁၂:၀၀ မှ ၁၃:၀၀) မြားတံပြုလုပ်ခြင်းနှင့်အထားအသို
- မွန် (၁၃:၀၀ မှ ၁၅:၀၀) အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၈)
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ပုံအင်းဒေသလှေလှော်ပြိုင်ပွဲ
- ဝ (၁၉:၀၀ မှ ၂၁:၀၀) ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့(အပိုင်း-၂)
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) သူတို့ရှိရာသူတို့ဓလေ့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၁၅ Football Highlights
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူ့တာဝန်ယူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေ မကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၆၉)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Breathtaking Backyard Gardening Harvest
- ၁၉:၀၅ Day in the Life of a Small Farm-2
- ၂၀:၀၀ ညို့(ဇာတ်လမ်း)
- ၂၂:၀၀ Way Back Home (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၃၀ ဂေါက်သီးရိုက်အားကစားနည်း၏ အခြေခံနည်းစနစ်များ
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ The Legend of the 81-Point Game 2023

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇွန် ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ရှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသား နှစ်ဦး စုစုပေါင်း ၁၀ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

### လွှဲပြောင်းပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ မိုးရာသီ ရသစာပေစာဖတ်ဝိုင်းနှင့် စာပေဗိမာန်ဆုရ စာမူဆုရှင်အား ထပ်ဆင့်ဂုဏ်ပြု

ရန်ကုန် ဇွန် ၂၃

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) မြို့နယ်စာပေဥယျာဉ် (Book Club) အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ မိုးရာသီ ရသစာပေစာဖတ်ဝိုင်းနှင့် စာပေထပ်ဆင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




### ပြောကြား

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူများ ပပျောက်ရေးနှင့် တိုင်းကျိုးပြည်ပြု ရသစာပေထွန်းကားရေးတို့အတွက် ယခုကဲ့သို့ စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝတ္ထုရှည် ပထမဆုရစာရေးဆရာမတက္ကသိုလ်မြမဥ္ဇူရေးသားသည့် "ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်" အမည်ရှိ စာအုပ်ကိုရေးသားသူ စာရေးဆရာမ ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)က ဖတ်ကြားဆွေးနွေးရာ တက်ရောက်လာကြသော စာရေးဆရာအသင်းနှင့် စာပေဥယျာဉ် အသင်းဝင်များဖြစ်ကြသည့် သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ စိန်ညိုမင်း(ထန်းတပင်)၊ အောင်ငယ်စစ်(အင်းစိန်)၊ ရွှေဘုတ်(အင်းစိန်)နှင့် ဝင်းနွယ်(ပုသိမ်)တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် စာပေဗိမာန် စာမူပြိုင်ပွဲတွင် ဝတ္ထုရှည် ပထမဆုရ စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူကို မြို့နယ်စာပေဥယျာဉ် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ဂုဏ်ပြုကြရာ ဆုရစာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ဦး



# အုတ်တွင်းမြို့နယ်၌ အမှိုက်များစနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်းများဆောင်ရွက်

အုတ်တွင်း ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက အထက(အုတ်တွင်း)ကျောင်းနှင့် မြို့မဈေးကြီးတို့၌ ပြုလုပ်ခဲ့သည်။

ဦးစွာ တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းသီရိကျော်က စွန့်ပစ်ပစ္စည်းများ၏ ညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမှရှောင်ကြဉ်ခြင်း၊ အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်းဖြင့် ညစ်ညမ်းမှုအန္တရာယ်ကို လျော့ကျစေနိုင်ပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်ရရှိစေရေးအတွက် အမှိုက်များကိုအမျိုးအစားခွဲ၍ စနစ်တကျခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသမှုများပြုလုပ်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်အတွင်း ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း



ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သပြေရေ-အင်းယား ကျေးရွာချင်းဆက်လမ်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ပြင်ဦးလွင်မြို့နယ် တာဝန်ခံနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် အကျိုးပြုကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၅၃၁ အိမ်၊ လူဦးရေ ၂၄၅၄ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာ အကျိုးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သွေးသွေး(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အလိမ္မာ စာမှာရှိ

# စစ်ကိုင်းမြို့ ပါရမီရပ်ကွက် မဟာစည်းခုံကြီးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထား၍ ဩဝါဒခံယူ

နေပြည်တော် ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ လျှောင်ဒဏ်ကြောင့် တိမ်းစောင်းသွားသော မဟာစည်းခုံကြီးစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဩဝါဒခံယူခြင်းကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဋသမ ရွှေကျင် သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိအဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး ကာကွယ်ရေးဦးစီးရုံးချုပ်(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီးက ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက မဟာစည်းခုံကြီးစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကိစ္စရပ်များကို လျှောက်ထားရှင်းလင်းပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ယင်းနောက် တိမ်းစောင်းသွားသော ထီးတော်ကြီး၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ကရိန်းစက်ယန္တရားကြီးဖြင့် ပြန်လည်တည့်မတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လျှင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာစည်းခုံကြီးစေတီတော်မြတ်ကြီး၏ သာသနာ့ဗိမာန်အား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ မဟာစည်းခုံကြီးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကိစ္စရပ်များကို လျှောက်ထားရှင်းလင်းပြီး ဩဝါဒခံယူစဉ်။

# ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီက ကျင်းပသော "လူငယ်တို့၏ စွမ်းအားမှသည် ကျား၊ မ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးဆီသို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးငွေအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။



ဆက်လက်၍ ကျား၊ မ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်သာဝင်းမြင့်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Gender Awareness with a Focus on Gender Stereotypes ဥာဏ်စမ်းမေးခွန်းများ ဖြေဆိုခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းနောက် ဒေါ်အေးမြမြထွန်း(ပညာရေးအကြံပေး)က လူ့အခွင့်အရေးနိဒါန်းအား ဆွေးနွေးဟောပြောခြင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်သီတာခိုင်က ရေနှင့်ရေကိုသုံးစွဲပုံအကြောင်း အသိပညာပေးပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ဆွေးနွေးဟောပြောခဲ့ကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လှိုင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊လူမှုရေးအသင်းအဖွဲ့များမှ အသင်းသား အသင်းသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၈၀ |
| 95 Ron | ၂၈၆၀ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၁၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




# မုဒုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မုဒုံ ဇွန် ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က တာပသွန်ကျေးရွာရှိ ပြည်နယ်ရဲတပ်ဖွဲ့ပိုင် ဧက ၅၀ ရော်ဘာခြံအတွင်း၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် မိသားစုဝင်များ စုစုပေါင်း ၁၀၀ တို့က ဧက ၅၀ ရော်ဘာစိုက်ခြံအတွင်း BPM 24 အမျိုးအစား ရော်ဘာပျိုးပင် ၁၀၀ ကို စနစ်တကျ အတန်းလိုက် စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)






# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)လေကြောင်းလိုင်း၏ သတ္တမမြောက် Airbus လေယာဉ်ရောက်ရှိ

**ရန်ကုန် ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် လုပ်ငန်းစွမ်းဆောင်မှုများမြင့်တင်ရန် လေယာဉ်အင်အားဖြည့်တင်းမှုနှင့် လေကြောင်းခရီးစဉ်တိုးချဲ့မှု တစ်စိတ်တစ်ဒေသအဖြစ် Airbus A319 လေယာဉ်တစ်စင်း တရားဝင်လွှဲပြောင်းလက်ခံရယူပြီးနောက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိလာရာ မြန်မာ့လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ အမှုဆောင်အရာရှိများ၊ လေကြောင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယခုရောက်ရှိလာသည့် Airbus A319 လေယာဉ်အပါအဝင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI)၌ လေယာဉ်စုစုပေါင်း ၁၁ စင်းအထိရှိလာပြီး Airbus A320 အမျိုးအစား လေယာဉ်ခုနစ်စင်း၊ Embraer E190 လေယာဉ် နှစ်စင်း၊ ATR72–600 လေယာဉ်တစ်စင်း၊ Boeing 737–400F အမျိုးအစား ကုန်တင်လေယာဉ် တစ်စင်းတို့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI) သည် ရန်ကုန်နှင့် မန္တလေးလေဆိပ်နှစ်ခုတွင် အခြေစိုက်လျက် မြန်မာနိုင်ငံတစ်ဝန်းနှင့် အာဆီယံဒေသ၊ အာရှအရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်အာရှဒေသနိုင်ငံများရှိ မြို့ပေါင်း ၄၁ မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) လေကြောင်းလိုင်း၏ မိတ်ဖက်လေကြောင်းလိုင်းဖြစ်သည့် Mingalar လေကြောင်းလိုင်းမှ ATR72–600 လေယာဉ်သုံးစင်းဖြင့် ပူးပေါင်းကာ MAI အုပ်စုသည် လေယာဉ်စုစုပေါင်း ၁၄ စင်းဖြင့် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် လေကြောင်းလိုင်း၏ (၃၂)နှစ်ပြည့် ပျံသန်းပြေးဆွဲမှုအဖြစ် လေကြောင်းခရီးစဉ်များ တိုးမြှင့်မည်ဖြစ်ပြီး အောက်တိုဘာနှောင်းပိုင်းမှစတင်ကာ ရန်ကုန်–ဟောင်ကောင် ခရီးစဉ်၊ ရန်ကုန်/မန္တလေး–ချင်းမိုင်ခရီးစဉ်၊ ရန်ကုန်–ဒါနန်းခရီးစဉ်၊ ရန်ကုန်–ကိုးလ်ကတ္တားခရီးစဉ်၊ ရန်ကုန်–ချန်နိုင်းခရီးစဉ်၊ ရန်ကုန်–ကွမ်ကျိုးခရီးစဉ်တို့ကို အကြိမ်ရေပျံသန်းပြေးဆွဲမည်ဖြစ်သည်။

ယခုကဲ့သို့ လေယာဉ်အင်အားဖြည့်တင်းခြင်း၊ လေယာဉ်ခရီးစဉ်များ ပျံသန်းမှုအကြိမ်ရေတိုးမြှင့်ခြင်းတို့မှာ မြန်မာနိုင်ငံနှင့် အာရှဒေသနိုင်ငံများအကြား ခရီးသွားပြည်သူများအတွက် ယဉ်ကျေးမှုထွန်းကားရာ မြို့တော်များ၊ အပန်းဖြေအနားယူရာ ကမ်းခြေဒေသများနှင့် စီးပွားရေးဗဟိုချက်များသို့ ချိတ်ဆက်ပေးနိုင်ရန် အဓိကရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း– ကိုညီလေး၊ ဓာတ်ပုံ – သော်ကြီး**

# နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့် တီယန်ကျင်းမြို့ အသက်မွေးဝမ်းကျောင်းပညာကောလိပ်

**တီယန်ကျင်း ဇွန် ၂၃**

တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင်းမြို့ အသက်မွေးဝမ်းကျောင်းပညာ ကောလိပ် (Tianjin Light Industry Vocational Technical College) တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျောင်းသူကျောင်းသားပေါင်း ၁၀၀ ကျော် ပညာလေ့လာဆည်းပူးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အဓိကရည်မှန်းချက်မှာ တီယန်ကျင်းအသက်မွေးဝမ်းကျောင်းပညာ ကောလိပ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံများ၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများကို မွေးထုတ်ပေးနိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်သည်။

တီယန်ကျင်းမြို့သည် တရုတ်နိုင်ငံ၏ အဓိကစီးပွားရေးဇုန်များထဲမှ တစ်ခုဖြစ်ကာ စက်မှု၊ နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသော မြို့တစ်မြို့ဖြစ်ပြီး တီယန်ကျင်း အသက်မွေးဝမ်းကျောင်းပညာ ကောလိပ်သည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုက်ညီသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**ပေါင်းစပ်သင်ကြားပေး**

ဆရာ ဆရာမပေါင်း ၅၀၀ ခန့်ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၀၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းပညာရေး သင်ကြားမှုပုံစံ၊ ပညာရပ်ဆိုင်ရာစံနှုန်းများ၊ နည်းပညာပစ္စည်းကိရိယာများနှင့် သင်ရိုးညွှန်းတမ်းများကို ကမ္ဘာ့အဆင့်မီ နိုင်ငံတကာသင်ရိုးများနှင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ပညာရပ်တစ်ခုကို စာတွေ့မှသည် လက်တွေ့အသုံးချနိုင်သည်အထိ ခေတ်မီစက်ကိရိယာများ၊ စမ်းသပ်ခန်းများနှင့် စက်ရုံလက်တွေ့အလုပ်သင်စနစ်၊ လက်တွေ့အခြေပြုသင်ကြားမှုပုံစံများဖြင့် ပေါင်းစပ်သင်ကြားပေးလျက်ရှိသည်။

စက္ကူ၊ ပလတ်စတစ်၊ အထည်အလိပ်နှင့် အခြားသောထုတ်ကုန်လုပ်ငန်းဆိုင်ရာ နည်းပညာများ၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာပညာရပ်များ၊ စက်ရုံ အလိုအလျောက်စနစ် (Automation)၊ စက်ရုပ် (Robotics)၊ CNCနည်းပညာ၊ သတင်းအချက်အလက်နည်းပညာနှင့် ဒစ်ဂျစ်တယ်ဒီဇိုင်းများရေးဆွဲနည်း၊ ကွန်ပျူတာပရိုဂရမ်ရေးနည်း၊ အစားအသောက်ချက်ပြုတ်နည်းနှင့် ဟိုတယ်ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုဆိုင်ရာပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ပေကျင်းနှင့် တီယန်ကျင်းမြို့ရှိ ကုမ္ပဏီကြီးများ၊ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် Internship Course လည်း ပါဝင်ပြီး အစိုးရအသိအမှတ်ပြုဒီပလိုမာ ရရှိပြီးနောက် တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် သို့မဟုတ် နိုင်ငံတကာတက္ကသိုလ်များသို့ ဆက်လက်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပညာသင်ဆု (Scholarships)နှင့် အခမဲ့သင်တန်းအစီအစဉ်များလည်းရှိပြီး စက်မှုလုပ်ငန်းနှင့် ပညာရေးပေါင်းစပ်ကာ လက်တွေ့အသုံးချနိုင်သော နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်ရှားသည့် အသက်မွေးဝမ်းကျောင်း ကောလိပ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

**လင်းလင်း**



# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်နှင့်အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းရုံးဝန်ထမ်းများက ရတနာတန်းဝင်ကျွန်းပင် ၁၅၀ နှင့် စိန်တလုံးသရက်ပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပခုက္ကူမြို့နယ်၌ ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ

ပခုက္ကူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရန်လွယ်ကူသော ရုံးပတီသီးကို မိသားစု အပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဖြစ်ပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ တစ်ကေလျှင် မျိုးစေ့ ၁၀ ကီလို ပါ တစ်ထုပ် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တန်းခြား နှစ်ပေ၊ ပင်ခြား တစ်ပေခွဲထား၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် လေးသိန်းခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးကို သုံးရက်ခြားတစ်ကြိမ်ခန့် ဆွတ်ခူးရပြီး တစ်ကေလျှင် ရုံးပတီသီး ပိဿာချိန် ၁၀၀၀-၁၂၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် စိုက်ခင်းသို့ လာရောက်ဝယ်ယူသော ကုန်စိမ်းပွဲစားများအား ရောင်းချသည့်အပြင် ပခုက္ကူမြို့သို့လည်း တင်ပို့ရောင်းချကြကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး အကျိုးအမြတ်ရရှိသောကြောင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။ ■



# ဆိပ်ဖြူမြို့နယ်၌ နွေနှမ်း(မိုးကြို)များ စတင်ထွက်ပေါ်

ဆိပ်ဖြူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နှမ်းသီးနှံကို နွေနှမ်း(မိုးကြို)နှင့် ဆောင်းနှမ်းဟူ၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ နွေနှမ်း(မိုးကြို)ကို ဖေဖော်ဝါရီလနှင့် မတ်လတွင် စိုက်ပျိုးကြပြီး ဇွန်လတွင် စတင်ထွက်ပေါ်ကြောင်း၊ နှမ်းနက်(စမုန်)မျိုးကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးစေ့ နှစ်ပြည်ခန့် ကုန်ကျကြောင်း၊ မြေပြုပြင်ခ၊ မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းထွက်ရှိသည့် နှမ်းနက် (စမုန်) များကို ဆိပ်ဖြူမြို့နှင့် ချောက်မြို့တို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း၊ ပြည်တွင်းစားသုံးမှုမြင့်မားပြီး ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိသောကြောင့် နွေနှမ်းသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် နွေနှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေး ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသော ဖူးစားပြောင်းသီးနှံကို ၉၉ ဧက စိုက်ပျိုးထားရှိကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဖူးစားပြောင်းကို ယာမြေများတွင် အများဆုံးစိုက်ပျိုးကြ၍ စိုက်ပျိုးပြီး လေးလခန့်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သကြားပြောင်းမျိုးများကို စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့ ငါးပြည်ခန့် ကုန်ကျကြောင်း၊ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ပြောင်းဖူး အရေအတွက် ၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိသကဲ့သို့ အချို့တောင်သူများကလည်း အခင်းပြတ်ရောင်းချမှုများရှိကြောင်း၊ ယခုအချိန်တွင် ဖူးစားပြောင်းသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဖူးစားပြောင်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

# ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေး ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို မြစ်သားမြို့နယ် အတွင်း ၁၃၆၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးကို မေလတွင် စိုက်ပျိုး၍ စိုက်ပျိုးပြီး လေးလခန့်အကြာတွင် ခူးဆွတ်ရကြောင်း၊ ၆၉၂ မျိုး၊ သာမိုမျိုးနှင့် ဒီမွန်မျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုးစေ့ကို ပျိုးထောင်၍ ငရုတ်ပျိုးပင်သက်တမ်း တစ်လသားအရွယ်တွင် ပင်ခြားတန်းခြား တစ်ပေခြားဖြင့် စိုက်ပေါင်၌ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့်ကုန်ကျ၍ ယခင်နှစ်က ငရုတ်သီးအခြောက် ပိဿာချိန် ၄၀၀-၅၀၀ ခန့် ထွက်ရှိကြောင်း၊ ယခုအချိန်တွင် ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ငရုတ်သီးထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများ ကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



## ၂၃-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) ဧည့်မထ | ငစိန် | ပေါ်ဆန်း | ဆီ(တစ်ပိဿာ) ပဲဆီ | စားအုန်းဆီ | စားဖိုဆောင်သုံး (တစ်ပိဿာ) ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | အသား၊ ငါး(တစ်ပိဿာ) ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၁၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၉၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၂၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၆၉၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၅၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၉၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၆၈၂၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၂၇၅ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၄၉၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၅၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၄၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၁၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၇၅ | ၂၁၀၀၀ | ၆၉၀၀ | ၈၅၀၀ | ၁၉၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၈၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၃၀၀ | ၁၈၀၀၀ | ၇၀၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၉၇၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၁၆၅ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၆၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၃၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၈၇၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၉၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၇၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၈၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၉၀၀၀ | ၆၇၈၀ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၉၂၀၀ | ၆၇၈၀ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၀၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၁၅၀၀၀ |

❍ လက်ရှိချန်ပီယံမှ

၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

**ယှဉ်ပြိုင်ကစား**

မန်စီးတီးအသင်းအနေနဲ့ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့် ရရှိထားပြီးဖြစ်တဲ့ ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ဇွန် ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွေမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက ပါချူကာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဆဲလ်ဘတ်အသင်းနဲ့ အယ်လ်ဟီလယ်အသင်းတို့ ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ၁၆ သင်းအဆင့် တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် လက်ရှိအချိန်မှာ ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိထားတဲ့ အသင်းလေးသင်းအထိ ရှိသွားခဲ့ပြီဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်း၊ ဖလာမန်းဂိုးအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပဲဖြစ်ပါတယ်။

ငွေကြယ်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၂)၊ ကွင်းခြံကွင်း၊ ဦးပိုင်အမှတ်-၁၈၁/၆၇၊ ဧရိယာ (၁.၀၅၅) ဧက၊ မြေအမျိုးအစား - G-2 မြေနှင့် ယင်းမြေ ပေါ်ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးသိန်း [၁၂/မရက(နိုင်)၀၂၂၆၇၃]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)**

**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**

**အမှတ် (၅၁)၊ ပထမထပ်၊ ၃၈-လမ်း၊ (ကမ်းနားဘလောက်) (၆) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ၂၀၂၅ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

၂၀၂၅ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ဟိုပုံးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက ဒိုင်အဖွဲ့ဝင်များနှင့် လက်ဝှေ့သရုပ်ပြယှဉ်ပြိုင်သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ကျင်းပစဉ်။

ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် ဇွန် ၃၀ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်အမှတ်-၂၁၇၅၊ မြေကွက်တည်နေရာအမှတ်-၂၁၇၅၊ (၁၅၃)ရပ်ကွက်၊ ဒဂုံတောင် ဦးမြတ်သူ[၁၂/ဗတထ(နိုင်)၀၂၅၈၇၆]အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြတ်သူ ခင်ပွန်းသည်(၂၅-၇-၂၀၂၂) ရက်နေ့တွင်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ဆွေဆွေဝင်း(ခ)ခင်ဆွေဝင်း[၁၂/ဗထတ(နိုင်)၀၁၃၂၅၆]မှတရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ အခြားသောဇနီး၊ မိန်းမတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အာလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသောဇနီးဖြစ်သူမိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ အမှတ်-၇၀၈/၂၀၂၅(၁၃-၂-၂၀၂၅)၊ အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီးလျှောက်ထားသူကိုယ်စား သားဖြစ်သူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်ခင်ဆွေဝင်း၏ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

